# ကြေးမုံ
**The Mirror**

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့ (23-11-2008) (၁၈၇)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆင္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆင္ဌအစည်းအဝေး ကျင်းပ

ရန်ကုန်   နိုဝင်ဘာ   ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆင္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ (၄၇)ပါးစုံညီ ဆင္ဌအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။**

အဆိုပါ (၄၇)ပါးစုံညီ ဆင္ဌအစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

# သဲဖြူရေလှောင်တမံနှင့် တစ်ဆက်တစ်စပ်တည်း ရေပေးဝေမည့် မဒန်းရေလှောင်တမံ

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ**
**ခင်မောင်သန်း(စက်မှု)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကိုရည်ရွယ်၍ နိုင်ငံအနှံ့အပြားတွင် ဆည်မြောင်းတမံများကို အကောင်အထည်ဖော်လျက်ရှိသည်။ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် နေပြည်တော်လယ်ဝေးမြို့နယ်တွင် ရန်အောင်မြင် ရေလှောင်တမံ၊ သဲဖြူရေလှောင်တမံ၊ ချောင်းမငယ်ရေလှောင်တမံတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဆည်ရေသောက်ဧရိယာများ ပိုမိုကျယ်ပြန့်ခဲ့၍ အကျိုးကျေးဇူးများစွာ ခံစားနေကြရပြီးဖြစ်သည်။

ထပ်မံ၍ နေပြည်တော်လယ်ဝေးမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက မဒန်းရေလှောင်တမံကို ထပ်မံ၍ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။ မဒန်းရေလှောင်တမံ တည်ဆောက်ရာစီမံကိန်းနယ်မြေသို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေနှင့် လက်ထောက်အင်ဂျင်နီယာ(ဦးစီးအရာရှိ) ဦးအောင်ကိုကိုထွန်းတို့ လိုက်ပါ၍ ကွင်းဆင်းလေ့လာခဲ့သည်။

မဒန်းရေလှောင်တမံ တည်ဆောက်ရာသို့ သွားရောက်ရာတွင် နေပြည်တော် လယ်ဝေးမှ အရှေ့တောင်ဘက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ▲

**နေပြည်တော်လယ်ဝေးမြို့နယ်၌ တည်ဆောက်ခဲ့ပြီးဖြစ်သော သဲဖြူ ရေလှောင်တမံကို တွေ့ရစဉ်။**


**ယနေ့ ကြေးမုံ ဆောင်းပါးနှင့် ပြည်တွင်းပြည်ပသတင်းများ အညွှန်း**



*နယ်သာလန်၌ လေပြင်းတိုက်ခတ်၊ လေယာဉ်နှင့် ရထားများ သွားလာရေးနှောင့်နှေးရ။*
*(သဘာဝဘေးအန္တရာယ်သတင်းများ)* စာမျက်နှာ-၄

**နိုင်ငံတော်သစ် ထူထောင်တည်ဆောက်ရေးတွင် မြန်မာပြည်သူတစ်ရပ်လုံးသည် စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်မှာ မြန်မာနိုင်ငံသား ပြည်သူများအားလုံးအတွက် အရေးကြီးသော အမျိုးသားရေးတာဝန်ပင် ဖြစ်ပါသည်။**
*(ဖူးသစ်ခက်၏ ဆောင်းပါး)* စာမျက်နှာ-၆



*ငြိမ်းချမ်းမှုအသီးအပွင့်များ ဝေဆာဖွံ့ဖြိုးလာသည့် တအောင်းပလောင်တို့၏ လက်ဖက်မြို့။* စာမျက်နှာ-၁၁

ကြေးမုံ The Mirror
၂၃-၁၁-၂၀၀၈
(တနင်္ဂနွေနေ့)

# အမျိုးသား ဝံသာနုရက္ခိတစိတ်ဓာတ် မြင့်မားရေး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းပေး

မြန်မာနိုင်ငံ၏ အမျိုးသားနေ့သည်မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် ပြည်သူများ ဇာတိသွေးဇာတိမာန် တက်ကြွရှင်သန်နိုးကြားစေပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်လာစေသည့် နေ့ဖြစ်သည်။

အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကိုအခြေခံ၍ ကိုလိုနီနယ်ချဲ့တို့၏ကျွန်ပညာရေးစနစ်ကိုဆန့်ကျင်စိန်ခေါ်ခဲ့သည့် အမျိုးသားနေ့၊ အမျိုးသားရေးလှုပ်ရှားမှု၏ အနှစ်သာရများကိုပြည်သူတစ်ရပ်လုံးကထာဝရလေးစားတန်ဖိုးထားလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာတွင် **"မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားဝံသာနုရက္ခိတစိတ်ဓာတ်မြင့်မားသူများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ပြီးကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ့်ရိုးရာဓလေ့တို့ကို အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများဖြစ်ကြပေသည်။ ခေတ်အဆက်ဆက်တွင်လည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် နယ်ချဲ့တို့၏ မည်သည့်ကျူးကျော်မှုမျိုးကိုမဆို ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ကို အခြေခံ၍ ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်း တုံ့ပြန်တိုက်ဖျက် တွန်းလှန်အောင်မြင်ခဲ့ကြသည်ချည်းသာဖြစ်သည်"** ဟူ၍ ဖော်ပြပါရှိသည်။

မြန်မာတို့သည် သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းတစ်ပါးက မည်သည့်ထိပါးကျူးကျော်လာမှုမှန်သမျှကိုမဆို တွန်းလှန်နိုင်ခဲ့ကြသည်။ မြန်မာတို့၏ နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အမျိုးသားရေး စွမ်းရည်ထက်မြက် မြင့်မားမှုများဖြင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို တည်ဆောက်ပေးနေသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးကို ထာဝစဉ်နှလုံးသွင်းရင်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတာဝန်များကို အမျိုးသားရေး အားမာန်အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၀၈ခုနှစ်စတုတ္ထအကြိမ်မြောက်ရန်ကုန်မြို့တော်ဝန်ဖလားအသင်းလိုက်နှင့် လူငယ်သက်တမ်းအလိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ၂၀ရက်ညနေ၅နာရီတွင်ရန်ကုန်မြို့သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ အသက်(၁၂)နှစ်အောက်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အသက်(၁၆)နှစ်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတို့တွင် အနိုင်ရရှိသူများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲဆုရရှိသူများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းက အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် TACCOအသင်း၊ဒုတိယဆုရရှိသည့် ALL-POWER အသင်း၊ပူးတွဲတတိယဆုရရှိသည့် YCDC အသင်းနှင့် ဖျာပုံအသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး ပထမရရှိသည့် TACCO အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် ဖိတ်စာများ ထုတ်ယူရန်နှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၇၀ ပြည့်နှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာ ၂ ရက် (အင်္ဂါနေ့) နံနက်၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီး စာပေပညာရှင်များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရေးအတွက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် ဖိတ်စာများကို နိုဝင်ဘာ ၂၅ရက်(အင်္ဂါနေ့)မှစ၍ ရန်ကုန်မြို့ အမှတ်(၅၂၉) ကုန်သည်လမ်း၊စာပေဗိမာန်ဒုတိယထပ်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတွင် ထုတ်ယူကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ရောဝတီတိုင်း လပွတ္တာမြို့နယ် ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဗဟိုကူးစက်) ဒေါက်တာသန်းထိန်ဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၈ ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သယ်န်းကြီး ကျေးလက် ကျန်းမာရေးဌာနဇင်ရွဲကြီးကျေးရွာ၌ ဝါဝါဝင်း ဆောက်လုပ်ရေးက တာဝန်ယူဆောက်လုပ်လျက်ရှိသော ဇင်ရွဲကြီးကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ရန် ကိစ္စရပ်များကို ကျေးရွာတာဝန်ခံများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးကြပြီး ကျေးရွာအတွင်းရှိ အသက်ကိုးလမှ ၁၅နှစ်အောက် ကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ကြီးကြပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ဂန့်အိတ်ကျေးလက် ကျန်းမာရေးဌာန၊ ဥယျာဉ်ကုန်းကျေးရွာကျန်းမာရေးဌာနခွဲ၌ကျေးရွာအတွင်းရှိ အသက် ကိုးလမှ ၁၅ နှစ်အောက် ကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊လူနာများအား ဆေးကုသပေးခြင်းနှင့် သယ်န်းကြီးနှင့်ဂန့်အိတ်ကျေးရွာအုပ်စုအတွင်း ရှိကျေးရွာ(၄၀)၌သန့်ရှင်းသောသောက်သုံးရေ လုံ လောက်စွာ ရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က လပွတ္တာမြို့နယ် ဇင်ရွဲကြီး ကျေးရွာအတွင်းရှိ အသက် ကိုးလမှ ၁၅နှစ်အောက် ကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။**(ကျန်းမာရေး)

## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

အထက(၄)စမ်းချောင်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)တွင် အထက(၄)စမ်းချောင်းတော်ဝင်ခန်းမ၌ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်သဖြင့် ကျောင်းတည်ထောင်သည်မှစ၍၂၀၀၇ ခုနှစ်အထိပညာသင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပါရန်နှင့်အလှူငွေထည့် သွင်းလိုသူ များသည်အမှုဆောင်များထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုကျန်းမာရေးပညာဌာန၊ ကျန်းမာရေးဦးစီးဌာနခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထူးအစီအစဉ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပရာ **(အောက်ဝဲပုံ)** ပထမဆုကို ပြည်မြို့နယ်၊ တီတွတ်စံပြကျေးရွာမှ မောင်ဇင်ဖြိုးဝေ၊ ဒုတိယဆုကို ရေကြည်မြို့နယ် ချောင်းဖျားကျေးရွာမှမောင်ကျော်ဇေလင်း၊ တတိယဆုကို တာချီလိတ်မြို့နယ် ဖန်ပင်အုပ်စု၊ ပါပွန်းကျေးရွာမှ မအိသန္တာငြေး၊ နှစ်သိမ့်ဆုကို သုံးခွမြို့နယ် ပုလဲစံပြကျေးရွာမှ မောင်အေးလင်းတို့ အသီးသီးဆုရရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(ကြေးမုံ)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၃-၁၁-၂၀၀၈(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ကြည်ကြည်နူးနူးချစ်စိတ်ကူး
၁း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာအေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း (၂၆)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသ သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ အပိုင်း(၂၇)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

▲ ရှေ့ဖုံးမှ

သပြေပင်ရွာအထိ ခြောက်မိုင်လာခဲ့ရပြီး သပြေပင်ရွာမှ အနောက်တောင်ဘက် ၃၆ မိုင် ဆက်လက်ထွက်ခွာခဲ့ရာ နန္ဒင်းကျင်းကျေးရွာမှ တစ်မိုင်ခန့် အကွာတွင် ဆည်ကို တွေ့ရသည်။

ဆည်တည်ဆောက်မှုနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ ရှင်းလင်းပြသရာတွင် ပျဉ်းမနားခရိုင် နေပြည်တော်လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီး မဒန်းချောင်းပေါ်တွင် တည်ဆောက်နေကြောင်း၊ ရေဆင်းဧရိယာ ၃၅ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၇၀၀၀၊ တမံအမျိုးအစား မြေသားတမံ၊တမံအမြင့်(ပင်မတမံ) ၁၀၁ပေ၊ကုန်းကျောတမံပေ ၂၀(ပျမ်းမျှ)၊ ပင်မတမံအလျားပေ ၉၁၈၀နှင့် ကုန်းကျောတမံ ၁၇၀၂ ပေ ရှိကြောင်း။

ကန်ရေပြည့် ရေလှောင်တမံပမာဏ ဧကပေ ၃၆၅၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၁၁၁၃ ဧကပေ၊ ရေစိမ့်တားသံမဏိသပ်ပြား အလျား ပေ ၉၂၁၀၊ အနက် ပေ ၄၀ ရှိကြောင်း ရှင်းပြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးသာယာက ရေပိုလွှဲလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ကြောင်း၊ အကျယ် ပေ ၅၀၊ အလျား ပေ ၇၉၀၊ ဒီဇိုင်းရေထုစီးနှုန်းမှာ ကုဗပေ/စက္ကန့် ၃၃၂၀ ဖြစ်ပြီး ဖိအားမြှင့်သံမဏိပိုက်လုံး အရွယ်အစားမှာ 19"ø Steel Pipe ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်တပ်ဆင်အင်အား ၂၅ ကီလိုဝပ် (၀ ဒသမ ၀၂၅)မဂ္ဂါဝပ်ဖြစ်ကြောင်း ရှင်းပြသည်။

ထို့နောက် ရေထုတ်ပြွန်လုပ်ငန်းများနှင့် သက်ဆိုင်ရာ အချက်အလက်များကို ဦးစီးအရာရှိ ဦးချမ်းငြိမ်းက ရှင်းလင်းပြသရာတွင် အမျိုးအစားမှာ

**မဒန်းရေလှောင်တမံ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။**



သံကူကွန်ကရစ်ဖြစ်ပြီး အရွယ်အစားနှင့်ခုရေမှာ ၆ပေ×၄ပေ တစ်ပေါက်၊ အလျား ၂၉၈ပေနှင့် ဒီဇိုင်းရေထုစီးနှုန်းမှာ ကုဗပေ/စက္ကန့် ၂၈၀ ဖြစ်ကြောင်း၊ မဒန်းရေလှောင်တမံမှ နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ၀ ဒသမ ၀၈ ကီလိုဝပ်/နာရီသန်းပေါင်း ထုတ်လွှတ်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၈၀၀၀ ပေးဝေနိုင်မည်ဖြစ်ပြီး တည်ဆောက်ပြီးသော သဲဖြူရေလှောင်တမံမှ ပေးဝေနေသော ရေသောက်ဧရိယာများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သွား၍ ရေသောက်ဧရိယာ ကျယ်ပြန့်သွားမည်ဖြစ်သည်။ မဒန်းရေလှောင်တမံမှ ပေးဝေမည့် စိုက်ပျိုးရေသည် ချောင်းအတိုင်းလွှတ်ပေးပြီး ရေလွှဲဆည်မှတစ်ဆင့် မြောင်းမကြီး၊ လက်တံမြောင်းများမှ စိုက်ကွင်းများသို့ ရောက်ရှိမည်ဖြစ်သည်။ သဲဖြူရေလှောင်တမံသည် နေပြည်တော်လယ်ဝေးမြို့နယ် ရေပြာရိုးရွာ၏ အနောက်မြောက် ½ မိုင်ခန့်အကွာ သဲဖြူချောင်းပေါ်၌ တည်ဆောက်ထားပြီး ၂၀၀၄ ခုနှစ် ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ကြံစိုက်ဧရိယာနှင့် လယ်မြေများကို ရေပေးဝေလျက်ရှိသည်။ မဒန်းရေလှောင်တမံပြီးစီးပါက ဧကပေါင်း ၈၀၀၀ တွင် ကြံနှင့်စပါးအပြင် အခြားသီးနှံများစွာ စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ယခင်က သဲဖြူရေလှောင်တမံ ရေသောက်ဧရိယာတွင် ကြံနှင့်စပါး ဧက ၁၂၀၀ ကို စိုက်ပျိုးလျက် ရှိနေပေရာ နေပြည်တော်လယ်ဝေးတွင် ကြံနှင့်စပါးစိုက်ဧကများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

မဒန်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ၌ ရေလှောင်တမံမှာ ရာခိုင်နှုန်း ၇၀ ကျော် ပြီးစီးနေပြီး ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် ရာခိုင်နှုန်းပြည့်နီးပါးနှင့် ရေပိုလွှဲလုပ်ငန်း မြေကြီးလုပ်ငန်း ၉၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ လုပ်ငန်းများ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရာ မကြာမီကာလတွင် ပြီးစီးတော့မည်ဖြစ်၍ ဒေသအတွင်း သီးနှံထုတ်လုပ်မှုမြင့်တက်လာပြီး တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာသည်နှင့်အမျှ ဒေသအတွင်း လူနေမှုအဆင့်အတန်းပါ မြင့်တင်လာမည်ဖြစ်သည့်အပြင် လူမှုစီးပွားများနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့လာနိုင်မည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားများ ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

**(၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပကြသည်။**

(၈၈)နှစ်မြောက် အမျိုးသားနေ့နှင့် မြို့မစိန်ရတု(၁၃)ကြိမ်မြောက်အခမ်းအနားကို နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မကျောင်း) ရှိ ဦးဘလွင်ခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဖတ်ကြားသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ပထမအမှတ်အများဆုံးရရှိသော မအိမ့်မျက်ခြယ်နှင့် ဒုတိယအမှတ်အများဆုံးရရှိသော မောင်အောင်ပိုင်မင်းတို့အား မြို့မစိန်ရတုပညာရေး ငွေပဒေသာပင် ဘဏ္ဍာထိန်းအဖွဲ့နာယက ဦးချစ်လှိုင်ကလည်းကောင်း၊ တတိယအမှတ်အများဆုံးရရှိသော မောင်လပြည့်ထက်နှင့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အမျိုးသား အသက်(၁၆-၂၀)နှစ် ကာလပေါ်နှင့် မဟာဂီတ အဆိုပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ဆုရှင် မောင်ထက်အောင်လင်း(ခ) မောင်ဇင်မောင်မောင်တို့အား မြို့မစိန်ရတုပညာရေးငွေပဒေသာပင် ဘဏ္ဍာထိန်းအဖွဲ့ နာယက ဦးသက်ထွန်း (အငြိမ်းစား သံအမတ်ကြီး) ကလည်းကောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်လပြည့်ထက်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးလှရွှေလေးက လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နံနက် ၉နာရီတွင် လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဗဟိုစံပြခန်းမဆောင်၌ ကျင်းပရာ လသာမြို့နယ် ကျောင်းသား၊ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊



**(၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၇ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက (၁) ကျောင်း၌ ကျင်းပစဉ်။** (၅၀၆)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက ဖတ်ကြားကာ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ ဆုရကျောင်းသား၊ ကျောင်းသူများအား အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ ဆုရရှိသူများအား အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ စွမ်းအားခန်းမ၌ ကျင်းပရာ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူလေးများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က ဖတ်ကြားသည်။

ယင်းနောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက်၉နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌက ဖတ်ကြားပြီး (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။




**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၏ မြဝတီခန်းမတွင် နိုဝင်ဘာ ၂၂ ရက်က (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပစဉ်။** (၅၃)

အလားတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌လည်း ကျင်းပသည်။

(၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းက ဖတ်ကြားသည်။

ထို့နောက် (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ၂၂ရက် နံနက် ၈နာရီက အမှတ်(၆)ရပ်ကွက် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပစဉ်။** (၄၉)





# အမေရိကန် ကန်ထရိုက်တာများ အီရတ်ဥပဒေ ကင်းလွတ်ခွင့်ရရှိမည်မဟုတ်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အီရတ်နိုင်ငံတွင်းရှိ အမေရိကန် အစိုးရအတွက် ဆောင်ရွက်ပေးနေသော ကန်ထရိုက်တာများသည် အမေရိကန်ပြည်ထောင်စုနှင့်အီရတ် အစိုးရတို့၏ သဘောတူညီထားသော စာချုပ်သစ်အရ အီရတ်ဥပဒေမှကင်းလွတ်ခွင့်အားဆုံးရှုံးမည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။




### မျှော်လင့်

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များနှင့်တာဝန်ရှိသူများအား လုံခြုံရေးမှသည် အစားအသောက်အထိ အရာရာထောက်ပံ့ပေးနေသော ကန်ထရိုက်များသည် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ၎င်းတို့၏ ကင်းလွတ်ခွင့်ဆုံးရှုံးရန် မျှော်လင့်ရကြောင်း ပြောကြားပြီးဖြစ်သည်ဟု အစိုးရနှင့် ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများကပြောကြားသည်။

ထိုသဘောတူညီချက်အောက်တွင် အမေရိကန်စစ်ဘက် ဝန်ထမ်းများသည် ကြီးမားသောရာဇဝတ်မှုများကို ကျူးလွန်ခဲ့သော်လည်း အီရတ်ဥပဒေမှ ကင်းလွတ်ခွင့်ကို ဆက်လက်ရရှိမည်ဟုအမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။ သို့သော်လည်း အမေရိကန်ကာကွယ်ရေးဌာနကန်ထရိုက်တာများသည် အဆိုပါ ကင်းလွတ်ခွင့်ဆုံးရှုံးမည်ဖြစ်ကြောင်း၊ စာချုပ်တွင် ရှင်းလင်းစွာ ဖော်ပြထားကြောင်း အမည်မဖော်လိုသော အမေရိကန် ထိပ်တန်း တာဝန်ရှိသူများက ပြောကြားသည်။

### တတိယနိုင်ငံ

အီရတ်နိုင်ငံအတွင်း ကန်ထရိုက်တာ ၁၆၃၀၀၀ရှိသည့်အနက် ထက်ဝက်သည် အီရတ်နိုင်ငံသားများ ဖြစ်ကြသည်။ ၁၇ ရာခိုင်နှုန်းသာ အမေရိကန်နိုင်ငံသားများ ဖြစ်ကြပြီး ကျန်ကန်ထရိုက်တာများမှာ တတိယနိုင်ငံများမှ ဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***

# အီရတ်နှင့် အာဖဂန်နစ္စတန်သတင်းများ



**အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒတ်ဇ်မြို့ရှိ ဈေးတစ်ခု၌ တာလီဘန် အသေခံဗုံးခွဲသမားများ တိုက်ခိုက်မှုကြောင့်ဈေးဆိုင်များ ပျက်စီးသွားသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်၌ အသေခံကားဗုံးခွဲ ကိုးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိ

**ခိုစ့် နိုဝင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းခို့စ်ပြည်နယ်တွင် နိုဝင်ဘာ ၂၀ ရက်က အစိုးရအဆောက်အအုံတစ်ခုကို အသေခံကားဗုံးဖြင့် တိုက်ခိုက်ရာ ကိုးဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ၁၆ ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

### အဆိုးရွားဆုံးဖြစ်

တာလီဘန် စစ်သွေးကြွများက လွန်ခဲ့သော နှစ်နှစ်ကျော်အတွင်း တိုက်ခိုက်မှုများ အရှိန်မြှင့်ခဲ့ပြီး ယင်းဒေသတွင် နိုင်ငံခြားတပ်ဖွဲ့ဝင် ၇၀၀၀၀ ကျော် ချထားပြီး ထက်ဝက်ခန့်မှာ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ အကြမ်းဖက်တိုက်ခိုက်မှု သည် နိုင်ငံ၏အနောက်ဘက်ဒေသသို့ ပျံ့နှံ့သော်လည်း နိုင်ငံတောင်ဘက်နှင့် အရှေ့ဘက်ရှိ ပါကစ္စတန်တွင် နယ်စပ်တစ်လျှောက်၌ အဆိုးရွားဆုံးဖြစ်နေဆဲပင်ဖြစ်သည်။

ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သော တပ်ဖွဲ့မှဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ သေဆုံးသူကိုးဦးမှာ ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့်အရပ်သားလေးဦးဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် အီရတ်လုံခြုံရေး အစောင့်များ၏ စစ်ဆေးရေး ဂိတ်အား ပစ်မှတ်ထားပြီး ကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးနေသောယာဉ်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အရပ်သားသုံးဦး သေဆုံးပြီး၊ ၁၉ ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အတွင်း နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက လမ်းဘေးနှစ်နေရာ၌ ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးအပါအဝင် ၁၉ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်းဒိုယူရာခရိုင်တွင် ရဲစစ်ဆေးရေးဂိတ်အနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး အပါအဝင်၁၅ဦးဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒုတိယဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့ မန်ဆောခရိုင် အနောက်ပိုင်းဒေသတွင်ကင်းလှည့်နေသော အီရတ်တပ်ဖွဲ့အနီး၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သား နှစ်ဦးတို့ ဒဏ်ရာရရှိကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။ ***အင်တာနက်။***




# ဩစတြေးလျ၌ ရေကြီးမှုဖြစ်ပွား ပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေး

**ဘရစ်ခ်ဘိန်း နိုဝင်ဘာ ၂၂**

ဩစတြေးလျနိုင်ငံ ဘရစ်ခ်ဘိန်းမြို့**(ဝဲပုံ)**တွင် မုန်တိုင်းကြမ်းတမ်းစွာ တိုက်ခတ်ပြီးနောက် မိုးရွာသွန်းခြင်း၊ ရေကြီးခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ဒေသနေပြည်သူများအား ပြောင်းရွှေ့ပေးရကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ကွင်းစလန်ပြည်နယ် မြို့တော်အရှေ့ဘက်တွင် ရေကြီးမှုကြောင့် ကားတစ်စီးနှင့်အတူ အသက်(၈၅)နှစ်အရွယ် အမျိုးသမီးမှာ ရေစီးနှင့်အတူ မျောပါသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခုနစ်နာရီကျော်ကြာ မိုးရွာသွန်းမှုကြောင့် ကမ်းရိုးတန်းအရှေ့ဘက် ဝန်းကျင်ဒေသများနှင့် ဘရစ်ခ်ဘန်မြို့တွင် အင်အား ၁၀၀၀ ကျော်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

နေအိမ်များ ထောင်နှင့်ချီ၍ ရေနစ်မြုပ်နေပြီး မိသားစုများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

***အင်တာနက်။***

# သဘာဝဘေးအန္တရာယ် သတင်းများ

# နယ်သာလန်၌ လေပြင်းတိုက်ခတ် လေယာဉ်နှင့် ရထားများ သွားလာရေးနှောင့်နှေးရ

**ဘရပ်ဆယ် နိုဝင်ဘာ ၂၂**

နယ်သာလန်နိုင်ငံအတွင်း နိုဝင်ဘာ ၂၁ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရထားနှင့် လေယာဉ်စီးခရီးသည်များ သွားလာရေးနှောင့်နှေးကြန့်ကြာမှုနှင့်ရင်ဆိုင်နေရပြီးလျှပ်စစ်ဓာတ်အားလိုင်းများလည်း ပြတ်တောက်သွားကြောင်း အေအင်န်ပီသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

တစ်နာရီကီလိုမီတာ ၁၀၀ နှုန်းဖြင့် လေပြင်းတိုက်ခတ်မှုကြောင့် အချို့လေယာဉ်ပြေးလမ်းများ အသုံးမပြုနိုင်သောကြောင့် မိနစ် ၉၀ထက်မနည်း ခရီးစဉ်များနောက်ကျခဲ့ကြောင်း အမ်စတာဒမ်မြို့ရှိ စခီပေါလ် လေဆိပ်မှ ဖော်ပြမှုကို အဆိုပါ သတင်းဌာနက ပြောကြားခဲ့သည်။

### ပြတ်တောက်

ယင်းအချိန် အတောအတွင်း နယ်သာလန်နိုင်ငံ မြို့သုံးမြို့၌ ရထားလမ်းများပေါ်သို့ သစ်ပင်များပြိုလဲကျနေပြီး ကောင်းကင်ဓာတ်အားလိုင်းများလည်း ပြတ်တောက်ခဲ့သည်။ လိုင်ဒင်မြို့ အနောက်ပိုင်း၊ သည်ဟိတ်မြို့နှင့် ရော့တာဒမ်မြို့တို့ အကြားသွားလာသည့် ရထားလမ်းကြောင်းများ ပြတ်တောက်ခဲ့သည်။

***အင်တာနက်။***



**နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ စခီပေါလ်လေဆိပ်။** *(ဓာတ်ပုံ-အင်တာနက်)*

**အင်ဒိုနီးရှား အရှေ့ဘက်၌ အင်အားအသင့်အတင့် ငလျင်လှုပ်**

**ဂျကာတာ နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် နိုဝင်ဘာ ၂၁ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့် ငလျင်လှုပ်သွားကြောင်း၊ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်းမရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

### ဗဟိုပြု

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၅ မိနစ်က မြောက်ဆူလာဝေဆီပြည်နယ် ဂိုရွန်တာလိုမြို့ အရှေ့တောင်ဘက် ၈၅ ကီလိုမီတာအကွာ၌ ဗဟိုပြုပြီး မြေအောက်အနက် ၁၁၇ ကီလိုမီတာ၌ လှုပ်သွားကြောင်း ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

## ပါကစ္စတန်တပ်ဖွဲ့ဝင်များ မောင်းသူမဲ့လေယာဉ် လေ့ကျင့်ပစ်ခတ်

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၂**

ပါကစ္စတန်ပိုင်နက်နယ်မြေအတွင်း အမေရိကန် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်းအတွက် ပါကစ္စတန်အစိုးရက အမေရိကန်သံအမတ်အားခေါ်ယူကန့်ကွက်ခဲ့ပြီး နောက်တစ်နေ့တွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် မောင်းသူမဲ့လေယာဉ်အားပစ်ချခြင်းကို လေ့ကျင့်ကြကြောင်း စစ်ဘက်ကပြောသည်။

ပန်ဂျပ်ပြည်နယ် အလယ်ပိုင်း မူဇာဂါဖာမြို့အနီး သဲကန္တာရစက်ပစ်ကွင်းတွင် လေယာဉ်ပစ်သေနတ်များနှင့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို အသုံးပြု၍ လေ့ကျင့်ခဲ့ကြသည်။

လေကြောင်းရန် ကာကွယ်ရေးကြည်းတပ်မှ တပ်ဖွဲ့ဝင်များသည် အမြင့်အသီးသီးမှ ပျံသန်းလာသော မောင်းသူမဲ့လေယာဉ်များကို ပစ်မှတ်ထား၍ သူတို့၏ ကျွမ်းကျင်မှုများကို ပစ်ခတ်ပြသခဲ့ကြောင်း စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***






**မက္ကဆီကိုနိုင်ငံ ဂွါနာဂျာတိုပြည်နယ် လီယိုမြို့တွင်ကျင်းပသည့် မီးပုံးပျံပွဲတော်၌ ပါလုတ်ဆည်ကို ဖြတ်ကျော်ပျံသန်းနေသော မီးပုံးပျံများကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## တောင်အမေရိက ကာကွယ်ရေးကောင်စီ ဖွဲ့စည်းရေးတွင် အမေရိကန် ဝင်စွက်မည့်အလားအလာ ဘရာဇီးလက်မခံ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၂**

ဘရာဇီး ကာကွယ်ရေးဝန်ကြီး နယ်လ်ဆန်ဂျိုဗင်က လာမည့်နှစ်၌ ဖွဲ့စည်းမည့် တောင်အမေရိက ကာကွယ်ရေးကောင်စီတွင်အမေရိကန်ပြည်ထောင်စု ဝင်ရောက် စွက်ဖက်မည့် အလားအလာရှိသည်ဆိုခြင်းကို ကြာသပတေးနေ့က ငြင်းဆိုလိုက်သည်။

တောင်အမေရိကသည် အမေရိကန်ပုံစံကို အတုယူရန် မလိုအပ်ကြောင်း၊ တောင်အမေရိက၌ ကိုယ်ပိုင်ကာကွယ်ရေးစနစ် ဖန်တီးတည်ဆောက်နိုင်သည့်စွမ်းရည် ရှိနေပြီဖြစ်ကြောင်း ရီယိုဒီဂျနေးရိုးတွင် ကျင်းပသည့် (၅)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံအပြီးတွင် ဂျိုဗင်က သတင်းထောက်များအား ပြောကြားသည်။

တောင်အမေရိကနိုင်ငံများ ပြည်ထောင်စု (ယူနာဆာ) အဖွဲ့ဝင်များကို အသိအမှတ်ပြုပြီးနောက် ထိုအဖွဲ့ဝင်နိုင်ငံများဖြင့် ၂၀၀၉ ခုနှစ်အစောပိုင်းထား၍တောင်အမေရိကကာကွယ်ရေးကောင်စီကို ဖွဲ့စည်းမည်ဖြစ်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်က ဘရာဇီးနိုင်ငံသို့ အလည်အပတ်ရောက်စဉ် အဆိုပါကောင်စီဖွဲ့စည်းရေးကိစ္စကို မေးမြန်းရာ ဂျိုဗင်က တောင်အမေရိက၏ ကာကွယ်ရေးစနစ်သည် တောင်အမေရိကသားတို့၏ ကိစ္စရပ်သာဖြစ်သည်ဟု ဖြေကြားခဲ့ကြောင်း ပြောကြားခဲ့သည်။

***အင်တာနက်။***

## ဂွါတာနာမိုအကျဉ်းသားငါးဦးအား လွှတ်ပေးရန် တရားသူကြီးအမိန့်ထုတ်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

ကျူးဘားနိုင်ငံရှိဂွါတာနာမိုအကျဉ်းစခန်းတွင် နှစ်ကြီးသမားအကျဉ်းသားများကို ဆက်လက်ချုပ်နှောင်ထားရန် တောင်းဆိုသူ ဘုရှ်အစိုးရတွင် အကြောင်းပြချက်မရှိကြောင်း ကြာသပတေးနေ့တွင် ပြည်ထောင်စုတရားသူကြီးတစ်ဦးက ဝါရှင်တန်တရားရုံးတစ်ခု၌ ပထမဦးဆုံးအကြိမ်အဖြစ် ဆုံးဖြတ်ချက် ချမှတ်သည်။ ယင်းနောက် အယ်လ်ဂျီးရီးယားနွယ်ဖွား ငါးဦးအား လွှတ်ပေးရန် အမိန့်ထုတ်သည်။ ထိုအမှု၏သော့ချက်မှာ အဆိုပါအကျဉ်းသားငါးဦးသည် အယ်လ်ခိုင်ဒါများနှင့်အတူ အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ခဲ့ဖူးခြင်း ရှိ၊ မရှိနှင့် အာဖဂန်နစ္စတန်တွင် တိုက်ခိုက်ရန် စီစဉ်ခဲ့ဖူး ခြင်း ရှိ၊ မရှိပင် ဖြစ်သည်။ ၎င်းတို့သည် ဘော့စ်နီးယားနိုင်ငံတွင် နေထိုင်ပြီး မည်သည့်အခါကမှ စစ်တိုက်ဖူးခြင်းလည်းမရှိ၊ စစ်မြေပြင်အနီးမှာပင် နေထိုင်ခဲ့ဖူးခြင်းလည်း မရှိကြပေ။

ဘုရှ်အစိုးရက ခန့်အပ်ထားသော အမေရိကန်ပြည်ထောင်စု ခရိုင်တရားသူကြီး ရစ်ချတ်လိုင်ယွန်က ကြာသပတေးနေ့ စီရင်ချက်တွင် အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသူအမည်မဖော်လိုသူ မျက်မြင်သက်သေတစ်ဦးတည်းအပေါ်တွင် အခြေခံရသဖြင့် ဤအမှုသည် အားနည်းချက်ရှိသည်ဟု ပြောကြားခဲ့သည်။ သို့အတွက် ၎င်းတို့သည် လွတ်မြောက်ရန် ထိုက်တန်သည်ဟု တရားသူကြီးက ပြောကြားသည်။ ***အင်တာနက်။***



**ကျူးဘားနိုင်ငံရှိ ဂွါတာနာမို အကျဉ်းထောင်အတွင်းမှ အကျဉ်းသားတစ်ဦးကို အစောင့်နှစ်ဦးနှင့်အတူ တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ပိုလန်နက္ခတ္တဗေဒပညာရှင်တို့ ဂြိုဟ်သစ်တွေ့ရှိ

**ဝါဆော နိုဝင်ဘာ ၂၂**

ပိုလန်နိုင်ငံရှိ ပင်န်စတိတ်နီကိုလပ်စ်ကော့ပါးနီးကပ်စ် တက္ကသိုလ်မှ နက္ခတ္တဗေဒပညာရှင်များက အိတ်ချ်ဒီ-၁၀၂၂၇၂ ဟု အမှတ်အသားပြုထားသော အကြီးစားကြယ်ကြီးနှင့် နီးကပ်စွာတည်ရှိနေသည့် ပတ်လမ်းအတွင်းတွင် ဂြိုဟ်သစ်တစ်လုံးတွေ့ရှိခဲ့ကြောင်း၊ ယင်းဂြိုဟ်သည် အနီရောင်ကြယ်နီကြီးနှင့် အလွန်နီးကပ်စွာ တည်ရှိနေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါကြယ်ကြီးသည် ကျွန်ုပ်တို့ကမ္ဘာမှ ပါဝင်သည့် နေစကြဝဠာရှိ နေထက်ပင် ပို၍ကြီးမားပြီး တွေ့ရှိရသော ဂြိုဟ်အသစ်မှာလည်း နေစကြဝဠာတွင် အကြီးဆုံးဖြစ်သော ဂျူပီတာဂြိုဟ်ထက်ပင် ပို၍ကြီးမားသည်ဟု ဆိုသည်။ သိပ္ပံပညာရှင်များယူဆချက်အရ ကြယ်များသည် နှစ်ကာလ ကြာလာသည်နှင့်အမျှ ပိုမိုကြီးမားကျယ်ပြန့်လာပြီး နောက်ဆုံးတွင် အနီးအနား၌ ကပ်လျက်တည်ရှိနေသော ဂြိုဟ်များကို ဝါးမျိုပစ်လိုက်လေ့ရှိသည်။ ဤအချက်ကို ထောက်ချင့်၍ နှစ်သန်းထောင်နှင့်ချီ၍ ကြာလာသောအခါ ကျွန်ုပ်တို့၏ကမ္ဘာမြေသည်လည်း နေမင်း၏ ဝါးမျိုခြင်းကို ခံရလိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားကြသည်။ အသစ်ရှာဖွေတွေ့ရှိသော ဂြိုဟ်သစ်ကြီးသည် အလွန်စိတ်ဝင်စားစရာ ကောင်းသည်။ အကြောင်းမှာ ၎င်းဂြိုဟ်ကြီးသည် ဧရာမကြယ်နီကြီးနှင့် အလွန့်အလွန်နီးကပ်စွာ ရှိနေပြီဖြစ်သောကြောင့်ပင်ဖြစ်သည်။

နက္ခတ္တဗေဒပညာရှင်များအဖွဲ့က တက္ကဆက်ပြည်နယ် အနောက်တောင်ပိုင်းရှိ ဟောဘီအီဘာလီအမည်ရှိ နက္ခတ်တာရာကြည့်မှန်ပြောင်းကို အသုံးပြုကာအာကာသအတွင်း စောင့်ကြည့်လေ့လာခြင်းဖြင့် ယခုဂြိုဟ်အသစ်အား ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ ***အင်တာနက်။***

## အစ္စရေးမှ ခိုးယူခံရသော ရှေးဟောင်းနာရီ ၄၃ လုံး ပြန်လည်တွေ့ရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၂**

အစ္စရေးနိုင်ငံဂျေရုဆလင်ရှိပြတိုက်တစ်ခုအတွင်းမှ ခိုးယူခံခဲ့ရသောအဖိုးတန် ရှေးဟောင်းနာရီများကို ပြင်သစ်ဘဏ် အာမခံသေတ္တာအတွင်းမှ ပြန်လည်ရှာဖွေ တွေ့ရှိခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ နာရီများသည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုကျော်အတွင်းက လုယက်ခံခဲ့ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားသည်။ အဆိုပါ လက်ပတ်နာရီနှင့် တိုင်ကပ်နာရီ ၄၃ လုံး အပါအဝင် ရှေးဟောင်းပစ္စည်းအမျိုးပေါင်း ၁၀၆မျိုးကို နှစ်နှစ်အချိန်ယူကာ စုဆောင်းရှာဖွေသိမ်းဆည်းခဲ့ပြီးနောက်အစ္စရေးနိုင်ငံသို့မကြာမီတွင်ပြန်လည်ယူဆောင်လာမည်ဟု ဆိုသည်။ ***အင်တာနက်။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းတိုများ

### ဂါဇာ၌ အစ္စရေးထိုးစစ်ဆင်မှုအပေါ် ဂျော်ဒန်သတိပေး

ဂါဇာဒေသတွင် အစ္စရေးစစ်တပ်ထိုးစစ်ဆင်မှုသည် ဒေသအတွင်း မတည်မငြိမ်ဖြစ်စေနိုင်ကြောင်း၊ ယခုသီတင်းပတ်က အစ္စရေးခေါင်းဆောင်များအား ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက သတိပေးခဲ့ကြောင်း ကြာသပတေးနေ့တွင် ဂျော်ဒန်နိုင်ငံရေး သတင်းတစ်ရပ်အရ သိရသည်။

ဂျော်ဒန်ဘုရင်က အစ္စရေးဝန်ကြီးချုပ်အီဟွတ်အိုမတ်နှင့် ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်စ်တို့အား အင်္ဂါနေ့တွင် အမ္မန်မြို့၌ လျှို့ဝှက်ဆွေးနွေးရန်အတွက် ကမ်းလှမ်းခဲ့ကြောင်း ယင်းသတင်းအရပင် သိရသည်။

### အမေရိကန်ရှေ့နေချုပ် မိန့်ခွန်းပြောစဉ် မူးလဲ

အမေရိကန်ရှေ့နေချုပ် မိုက်ကယ်မူကာဆေးသည် နိုဝင်ဘာ ၂၀ ရက်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ဟိုတယ်တစ်ခု၌ အမျိုးသားလုံခြုံရေးဆိုင်ရာမိန့်ခွန်း ပြောကြားနေစဉ် မူးလဲသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

(၆၇) နှစ်အရွယ်ရှိ မူကာဆေးအား ဝါရှင်တန်မြို့ ဂျော့ဝါရှင်တန် တက္ကသိုလ် ဆေးပညာဌာနသို့ တင်ပို့ခဲ့သည်။ အသေးစိတ်အချက်အလက်များကို ချက်ချင်းပြောကြားခြင်း မရှိကြောင်း သိရသည်။

### သူပုန်အသုံးပြုလေယာဉ်ကွင်း သီရိလင်္ကာအစိုးရတပ်ဖွဲ့သိမ်း

သီရိလင်္ကာအစိုးရတပ်ဖွဲ့များသည် တမီးလ်ကျားသူပုန်လေတပ် အသုံးပြုသော လေယာဉ်ကွင်းတစ်ခုကို သိမ်းပိုက်ခဲ့ကြောင်း စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်းရှိ တပ်ဖွဲ့များသည် ကျားသူပုန်တို့ အသုံးပြုခဲ့သည်ဟု ယုံကြည်ရသော မီတာ ၂၀၀ ရှိ လေယာဉ်ကွင်းကို ကြာသပတေးနေ့က ရှာဖွေတွေ့ရှိခဲ့သည်။

တမီးလ်ကျားလေတပ်သည် အစိုးရလေတပ်၏ ဂျက်တိုက်လေယာဉ်များနှင့် လေယာဉ်ပစ်လက်နက်များကို မကြာခဏ ရှောင်ကွင်းပြီး နိုင်ငံအနှံ့ အောင်မြင်စွာ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သီရိလင်္ကာစစ်ဘက်ကို သိက္ခာကျ အရှက်ရစေခဲ့သည်။

### ဒိန်းမတ် လေတပ်လေယာဉ် ဆိုက်ပရပ်စ်၌ အရေးပေါ်ဆင်း

နိုင်ငံခြားရေးဝန်ကြီး ပါးစတက်မိုလာလိုက်ပါသည့် ဒိန်းမတ်လေတပ်လေယာဉ်တစ်စင်းသည် လေယာဉ်မှူးအခန်းအတွင်း လေကာမှန် ကွဲအက်မှုဖြစ်ပွားသောကြောင့် နိုဝင်ဘာ ၂၀ ရက်က ဆိုက်ပရပ်စ်နိုင်ငံ၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ဂလက်ဆီ စီ-၁၅၆ အမျိုးအစား လေယာဉ်တွင် ခရီးသည် ၁၅ ဦး တင်ဆောင်လာပြီး ဒိန်းမတ်နိုင်ငံမှ အစိုးရတာဝန်ရှိသူများ အများဆုံးပါရှိကြောင်း၊ တစ်ဦးမျှ ဒဏ်ရာမရရှိကြောင်း ဆိုက်ပရပ်စ်သတင်းဌာနက ပြောကြားသည်။

### ဖိလစ်ပိုင်၌ ရွှံ့နွံများပြိုဆင်း

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ရွှေသတ္တုတွင်းရှိသောမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရွှံ့နွံများပြိုဆင်းမှုဖြစ်ပွားရာ ကလေးသုံးဦးအပါအဝင် ငါးဦးသေဆုံးကြောင်း သောကြာနေ့တွင် ပြည်တွင်းသတင်းများက ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကမ်ပို့တီလာဗေလေပြည်နယ်တောင်ထူထပ်သော မြို့တစ်မြို့တွင် ရွှံ့နွံများ ပြိုကျမှုဖြစ်ပွားခဲ့ရာ နှစ်ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရွှံ့နွံများသည် ကျေးရွာအတွင်းသို့ ပြိုဆင်းလာပြီး အိမ်များနှင့် လမ်းများလည်း ပျက်စီးခဲ့သည်။

### ဇာဘူးပြည်နယ်၌ ကားဗုံးဖြင့် တိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးပြည်နယ်တွင် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦး သေဆုံးပြီး တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်က ရှာ့ချ်ဂျိုင်းခရိုင်ရှိ အာဖဂန်စစ်စခန်း၏ အဝင်ဝ၌ အသေခံဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

**စုစည်းရေးသားသူ-စိုးစိုးနိုင်**

# အင်အားရှိသည့် ယနေ့လူငယ်များ

## ဖူးသစ်ခက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ပဓာနကျပေသည်။ မြန်မာနိုင်ငံ၏ မျိုးဆက်သစ်ကြယ်ပွင့်များမှာ လူငယ်လူရွယ်များပင်ဖြစ်ပေသည်။ ယနေ့မြန်မာလူငယ်များသည် ပစ္စုပ္ပန်၊ အနာဂတ်အတွက် အားထားရပြီး အသိကောင်း၊ သတိကောင်း၊ သတ္တိကောင်း၊ ဗျတ္တိကောင်း၍ ခွန်အားဗလ ကြံ့ခိုင်လာကြပါသည်။ လူငယ်သန်းပေါင်းများစွာ ညီညွတ်စုစည်းလိုက်လျှင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အဓိကအားဖြစ်လာမည်ဖြစ်သည်။ ထိုသို့တိုင်းရင်းသားလူမျိုးများ၊ လူငယ်လူရွယ်များ၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကြံ့ကြံ့ခိုင်ခိုင် စည်းစည်းလုံးလုံး ပေါင်းစည်းနိုင်စေရန်“ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး” ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် လူမှုရေးအသင်းတစ်သင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၌ မှတ်ပုံတင်၍ ဖွဲ့စည်းခဲ့ပါသည်။ အသင်းကြီးကို ရည်ရွယ်ချက်များ၊ အဓိဋ္ဌာန်များ၊ အခြေခံမူများနှင့် ကျင့်ဝတ်များချမှတ်ကာ ဖွဲ့စည်းထူထောင်ထားခြင်း ဖြစ်ပါသည်။ အသင်းကြီး၏ ရည်ရွယ်ချက်မှာ-

**(၁) ပြည်ထောင်စု မပြိုကွဲရေး**
**(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**
**(၃) နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**
**(၄) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး**
**(၅) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရေးတို့ပင် ဖြစ်ပါသည်။**

အသင်းကြီး၏ ရည်ရွယ်ချက်များသည် နိုင်ငံတော်အရေး (သို့) အမျိုးသားရေးကို ဦးတည်ပြီး တိုင်းပြည်နှင့် လူမျိုး၏ ကြီးကျယ်မြင့်မြတ်သောအနာဂတ်ကို တစ်တပ်တစ်အား ပါဝင်ဖန်တီးရန် ဖြစ်ပါသည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှု ဆိုးမွေများကြောင့် လက်နက်ကိုင်ဆန့်ကျင်မှုများ ပေါ်ပေါက်ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခဲ့ရသဖြင့် နယ်စပ်ဒေသများ အပါအဝင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရပါသည်။

၁၉၆၂ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖျက်သိမ်းပြီး “တစ်ပါတီဆိုရှယ်လစ်စနစ်”ကို ကျင့်သုံးခဲ့ပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကိုဖျက်သိမ်းပြီး ဗဟိုကချုပ်ကိုင်သော “ဆိုရှယ်လစ်စီးပွားရေးစနစ်” ကို ကျင့်သုံးခဲ့ပါသည်။ ပုဂ္ဂလိက စီးပွားရေးလွတ်လပ်ခွင့်များကို ဖျက်သိမ်းပြီး ပြည်သူပိုင်၊ သမဝါယမပိုင် ကျင့်သုံးခဲ့ပါသည်။

၁၉၈၈ ခုနှစ်ရောက်သည့်အခါ ပြည်သူ့ဆန္ဒနှင့်အညီ တစ်ပါတီဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်းပြီး “ပါတီစုံဒီမိုကရေစီစနစ်”ကို ဖော်ဆောင်နိုင်ရန် ဦးတည်ကြိုးပမ်းခဲ့ပါသည်။ ဗဟိုမှချုပ်ကိုင်သော ဆိုရှယ်လစ်စနစ်ကိုဖျက်သိမ်း၍ “တံခါးဖွင့် ဈေးကွက်စီးပွားရေး”ကို ကျင့်သုံးလာပြီး ပုဂ္ဂလိကလုပ်ပိုင်ခွင့်များ ဆောင်ရွက်လာနိုင်ခဲ့ပါသည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာသော အခြေအနေကောင်းများရရှိရန် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားများ လက်တွဲညီညာကြိုးပမ်း အားထုတ်ခဲ့ကြရပါသည်။

အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ လက်နက်ကိုင် ဆန့်ကျင်လာခဲ့သော လူမျိုးစု တောတွင်းလက်နက်ကိုင်(၁၇)ဖွဲ့တို့သည်လည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းရေးအလင်းရောင်အတွင်း ပြန်လည်ရောက်ရှိပြီး ကြံ့ခိုင်ဖွံ့ဖြိုးလာပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတု၊ သယံဇာတ၊ ကျောက်မျက်ရတနာ၊ သဘာဝဓာတ်ငွေ့များ၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ကောက်ပဲသီးနှံများ စသည့် ခနဉစ္စာများကို ပိုင်ဆိုင်သော အဖိုးတန်နိုင်ငံကြီး ဖြစ်ပါသည်။

၎င်းသည်ကို မနာလိုမရှုဆိတ်ပြီး ခြယ်လှယ်လိုသော ပြည်တွင်းပြည်ပ အဖျက်သမားများက နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံ၏ အောင်မြင်မှုများကို ပျက်ရာပျက်ကြောင်း လုပ်ဆောင်နေကြသည်ကိုလည်း တွေ့နေ ကြားနေရပေမည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသားများသည် ထိုကဲ့သို့သော အဖျက်ရန်စွယ်များကို ကြောက်ရွံ့ထိတ်လန့်နေမည့်အစား စည်းလုံးညီညွတ်စွာဖြင့် မိမိတို့တတ်စွမ်းသမျှ **“အုတ်တစ်ချပ် သဲတစ်ပွင့်”** အနေဖြင့် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့လာမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း **“ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး”** အသင်းကြီးသည် မြန်မာနိုင်ငံတွင် မရှိမဖြစ်အရေးပါသော အဖွဲ့အစည်းတစ်ခုအဖြစ် တည်တံ့နေရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နာယကအဖွဲ့၊ အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်နယ်နှင့်တိုင်းအသင်းများ၊ ခရိုင်အသင်းများ၊ မြို့နယ်အသင်းများ၊ ရပ်ကွက်၊ကျေးရွာ၊အုပ်စုအသင်းများဟူ၍ ဗဟိုမှ အောက်ခြေအထိ အဆင့်ဆင့် ဖွဲ့စည်းထားရှိပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အခြေခံမူများကို အောက်ပါအတိုင်း ချမှတ်ထားရှိပါသည်-

(၁) အမျိုးသားရေးဆိုင်ရာအခြေခံမူ
(၂) တိုင်းရင်းသားရေးဆိုင်ရာအခြေခံမူ
(၃) ဘာသာရေးဆိုင်ရာအခြေခံမူ
(၄) လူမှုရေးဆိုင်ရာအခြေခံမူနှင့်
(၅) ငွေကြေးဆိုင်ရာအခြေခံမူ

အမျိုးသားရေးဆိုင်ရာအခြေခံမူအရ အသင်းကြီးက အမျိုးသားရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ တိုင်းရင်းသားတို့ ရိုးရာယဉ်ကျေးမှုဓလေ့၊ ထုံးတမ်း၊ စာပေ၊ အနုပညာတို့ ရှင်သန်ပြန့်ပွားရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဘာသာရေးဆိုင်ရာ အခြေခံမူမှာ လူသားအားလုံးသည် မိမိတို့သက်ဝင်ယုံကြည်သည့် ဘာသာရေးကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိကြမည် ဖြစ်ပါသည်။ လူမှုရေးဆိုင်ရာ အခြေခံမူနှင့် ပတ်သက်၍ လူသားတိုင်း၏ သာရေးနာရေး၊ ရပ်ရွာလုံခြုံရေး၊ အေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်ရေး၊ စားဝတ်နေရေးနှင့် ကျန်းမာရေး အစရှိသည်တို့ကို ကမကထပြု၍ ဖြစ်စေ၊ ပါဝင်၍ဖြစ်စေ ဆောင်ရွက်သွားပါမည်။ငွေကြေးဆိုင်ရာအခြေခံမူတွင် အသင်းသားတို့၏ စုပေါင်းရန်ပုံငွေဖြင့် ရှာဖွေသုံးစွဲသွားမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတွင် သက်ကြီးအသင်းနှင့် သက်ငယ်အသင်းဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။အသင်းသူ၊ အသင်းသားများ ဉာဏ်ရည်ထက်မြက်စေရန်အတွက် စီမံခန့်ခွဲရေးသင်တန်း၊ မွမ်းမံသင်တန်း၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း၊ အခြေခံစာရင်းကိုင်သင်တန်းနှင့် ကွန်ပျူတာဒီပလိုမာသင်တန်းများကိုလည်း စဉ်ဆက်မပြတ် လေ့ကျင့်ပို့ချလျက်ရှိပါသည်။

ထိုသို့ သင်တန်းများ ဖွင့်လှစ်ပို့ချမှုကြောင့် အသင်းဝင်များအနေဖြင့် ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်းတန်ဖိုး၊ အချုပ်အခြာအာဏာတို့၏တန်ဖိုးတို့ကို သိရှိကာ မြန်မာ့လူ့အဖွဲ့အစည်းကို ပိုမိုမြတ်နိုး တန်ဖိုးထားလာကြပါသည်။

**ထို့ပြင် ယနေ့ကမ္ဘာသည် ရပ်တန့်တုံ့ဆိုင်းမနေဘဲ သတင်းနည်းပညာ၊ အဆင့်မြင့်အတတ်ပညာများကို သူ့ထက်ငါ ကြိုးပမ်းအားထုတ် အသုံးချနေခြင်း ဖြစ်ပါသည်။ ပညာရေးသည် တဖြည်းဖြည်း ပိုမိုကျယ်ဝန်းလာသည်နှင့်အမျှ ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းကြရပါမည်။ ပညာရည်မြင့်တင်မှုကို အားမထုတ်လျှင် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် အမီလိုက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတော်တွင် ပညာနိုးကြားမှု၊ တက်ကြွမှုများဖြင့် အစွမ်းကုန် ကြိုးပမ်းနေကြခြင်းဖြစ်ပါသည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်သူလူထု၏ သဘောထား ဆန္ဒများကို ထုတ်ဖော်ပြသခွင့်ရစေရန် လူထုအစည်းအဝေးပွဲများကို ၁၉၉၄ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပေးခဲ့ပါသည်။ ထိုလူထုအစည်းအဝေးပွဲများတွင် တစ်ခဲနက်တက်ရောက်ကြသောလူထုပရိသတ်ကြီး၏ ချီတက်ကြွေးကြော်သံတို့မှာ အဓိပ္ပာယ်ပါ၍ လေးနက် နက်ရှိုင်းလှပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် အောင်မြင်စွာကျင်းပခဲ့ရာ အစည်းအဝေးကြီးက အောက်ပါအချက်များကို တညီတညွတ်တည်း ဆုံးဖြတ်ချမှတ်ခဲ့ပါသည်-

(၁) ဒို့တာဝန်အရေးသုံးပါးအား အမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံးသွားမည်။
(၂) အမျိုးသားညီလာခံကြီးမှ ချမှတ်ခဲ့သော အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည်။
(၃) နိုင်ငံတော်တွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။
(၄) နိုင်ငံတော်သစ် တည်ဆောက်ရေးကို ထိပါးနှောင့်ယှက်မည့် အဖျက်လုပ်ရပ် မှန်သမျှအား စွန့်လွှတ်စွန့်စားသော သတ္တိဖြင့် ကာကွယ် တွန်းလှန်သွားမည်။
(၅) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ပြည်သူများနှင့် လက်တွဲဆောင်ရွက်သွားမည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် အစည်းအဝေးကြီးက ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်-

(၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူများနှင့်အတူ ထိန်းသိမ်းကာကွယ်တည်ဆောက်ရေး။
(၂) တိုင်းရင်းသားပြည်သူအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းတည်ငြိမ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရှိသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်အတိုင်း ပြည်သူတို့နှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး။
(၃) နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့၍ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းသူပြည်သားအားလုံး စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် အင်တိုက် အားတိုက် ပါဝင်လာစေရန် စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး။
(၄) နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်အား ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေး။
(၅) နိုင်ငံတော်သစ်ထူထောင်ရာတွင် အခြေခံလိုအပ်ချက်များ ဖြစ်ကြသော နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသား ပညာရည်မြင့်မားရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက် အသင်းကြီးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး။
(၆) နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စတုတ္ထကာလတို (၅)နှစ်စီမံကိန်း အောင်မြင်ရေးနှင့် စိုက်ပျိုးရေး၊ လျှပ်စစ်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား၍ ပါဝင်ဆောင်ရွက်ရေး။
(၇) တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် ပိုမိုသယ်ပိုးနိုင်စေရန် အသင်းဝင်များ၏အရည်အသွေး၊အရည်အချင်း၊ စွမ်းရည်များ မြှင့်တင်ရင်း ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေးနှင့် နယ်ပယ်အားလုံး ကွက်ပြည့်တိုးချဲ့စည်းရုံးရေး။
(၈) ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေး မြင့်မားတိုးတက်လာစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရေး။
(၉) အသင်းနာယကကြီး မိန့်ကြားသော ဩဝါဒများအား မိမိတို့၏ လုပ်ငန်း လမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးရေး၊ ထိုသို့ ချမှတ်ထားသောရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

လူငယ်သန်းပေါင်းများစွာ ညီညွတ်စုစည်းလိုက်လျှင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အဓိကအား ဖြစ်လာမည်ဖြစ်သည်။ ထိုသို့ တိုင်းရင်းသားလူမျိုးများ၊ လူငယ်လူရွယ်များ၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကြံ့ကြံ့ခိုင်ခိုင် စည်းစည်းလုံးလုံး ပေါင်းစည်းနိုင်စေရန် “ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး” ပေါ်ပေါက်လာရခြင်းဖြစ်။

✧ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အဖွဲ့ဝင်များနှင့်အတူ တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြည်သူပြည်သားများ သောက်သုံးရေရရှိရေးကို ဆောင်ရွက်ခြင်း၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။**

ထို့ပြင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်အတွင်း တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ဒေသများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပြည်နယ်/တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အားကြိုးမာန်တက် သွားရောက်ကယ်ဆယ် ကူညီစောင့်ရှောက်ခဲ့ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှ အသင်းသူ၊ အသင်းသားများအနေဖြင့် မုန်တိုင်းဒဏ်သင့် ဒေသများတွင် ပါဝင်ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးသကဲ့သို့ အခြားကျေးလက်ဒေသများတွင်လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် အားတက်သရော ကူညီမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်သူနှင့် ဖွဲ့စည်းထားသော အသင်းကြီးပီပီ ပြည်သူ့ကြားထဲတွင် လိုအပ်ချက်များကို စိတ်ရင်းစေတနာကောင်းများဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့မြင်ရပါသည်။

ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အရည်အသွေးပြည့်မီသော သင်တန်းသားများ မွေးထုတ်နိုင်ရန် သင်တန်းများဖွင့်လှစ်ပြီး အဆက်မပြတ် လေ့ကျင့်သင်ကြားပေးနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ၂၀၀၈ ခုနှစ် မေလက ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူများနှင့်အတူ တစ်ခဲနက် ပါဝင်ထောက်ခံခဲ့ကြပါသည်။ ထို့အတူ ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရန် အသင့်ရှိနေကြပြီ ဖြစ်ပါသည်။**

မကြာခင်တွင် ပေါ်ပေါက်လာတော့မည်ဖြစ်သော နိုင်ငံတော်သစ်ထူထောင်တည်ဆောက်ရေးတွင် မြန်မာပြည်သူတစ်ရပ်လုံးသည် စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်မှာ မြန်မာနိုင်ငံသား ပြည်သူများအားလုံးအတွက် အရေးကြီးသော အမျိုးသားရေးတာဝန်ပင် ဖြစ်ပါသည်။

"အရေးကြီးရင် သွေးနီးရမည်" ဆိုသည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံသားများသည် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၊ တိုင်းသူပြည်သားများ၊ တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတို့၏ အင်အားစုများဖြင့် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြပါစို့။ ။

# နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့၌ အမျိုးသားနေ့ အခမ်းအနားများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

**ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသည့် ၂၀၀၈ ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့၌ ကျင်းပကြသည်။**




**(၈၈)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

အဆိုပါ အခမ်းအနားများသို့ (၈၈) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၈၈) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ရတနာမွန်ခန်းမ၌ကျင်းပရာ နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို နေပြည်တော်ပျဉ်းမနား အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေက ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီးများက (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




**နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ (၈၈) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

အလားတူ (၈၈) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်တပ်ကုန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို နေပြည်တော်တပ်ကုန်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ငွေနှင့် တာဝန်ရှိသူများက (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ (၈၈) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် နေပြည်တော်လယ်ဝေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်လယ်ဝေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို နေပြည်တော်လယ်ဝေး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်းက ဖတ်ကြားသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများက (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်လယ်ဝေး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ကျင်းပ

**(၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။**

(သတင်းစဉ်)



❀ ရှေ့ဖုံးမှ

ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

ယင်းအစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋ္ဌကဓရ ဘဒ္ဒန္တ နိမလက တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်း လျှောက်ထားကြပြီး အစည်းအဝေး၏ နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် မွန်းလွဲပိုင်း အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်များက တင်ပြဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင်



ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော် သံဃမဟာနာယက ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

**ဆဌအစည်းအဝေးကျင်းပ**

**ဆဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ (၄၇)ပါးစုံညီ ဆဌအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲအောင်၊ တိုးတက်ထွန်းကားပြန့်ပွားအောင် ထမ်းဆောင်ကြရာတွင် ရဟန်း သာမဏေ သံဃာတော်များအားလုံး အချင်းချင်း ချစ်ခင်လေးစားတန်ဖိုးထားလျက် ညီညွတ်ပါမှ အောင်မြင်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဌ အစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်ကြီးများဘုရား-

ယနေ့ ကျင်းပအပ်သော ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဆဌအစည်းအဝေးသို့ ဆရာတော်အရှင်မြတ်ကြီးများ စုံစုံညီညီ ကြွရောက်ချီးမြှောက်တော်မူကြသဖြင့် ဘုရားတပည့်တော်သည် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါသည်ဘုရား။ ဆရာတော်ကြီးများသည် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုသာ တစိုက်မတ်မတ် အာရုံစိုက်တော်မူလျက် သက်တော်ရှယ်တော်အလျောက် ကျန်းမာရေး အနေအထား၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်မှုများကို နောက်ထားလျက် ပေးအပ်ထားသောသာသနာ့တာဝန်များကို ထမ်းဆောင်ကြပြီး စုံညီစည်းဝေး ဆွေးနွေးနှီးနှော၊ သဘောညီမျှ၊ ဆုံးဖြတ်ချရေး၊ အလေးဂရုအားပြုသန်စွာ ကြွရောက်လာကြသဖြင့် ဆရာတော်ကြီးများ၏ သာသနာတော်မြတ်ကြီးအပေါ်ထားရှိသော သဒ္ဓါအစ၊ ဝီရိယတစ်ဖြာ၊ ပညာဉာဏ်ထ၊ ဆန္ဒထူးမြတ်၊ စိတ်ဓာတ်အားနှင့်၊ သတိဆင်မှုတို့ကို ဖူးမြင် ကိုယ်တွေ့၊ စေ့စေ့သိရှိရပါသဖြင့်ကြည်ညိုသဒ္ဓါမင်္ဂလာကုသိုလ်တရားများရရှိ၍ အတိုင်းမသိ စိတ်ကြည်နူးချမ်းမြေ့ရပါကြောင်းလျှောက်ထားအပ်ပါသည်ဘုရား။

၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တာဝန်များ အသီးသီး ထမ်းဆောင်တော်မူကြရာတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေရသည်ကို ဆရာတော်ကြီးများ အသိပင်ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာတို့ကို သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့နှင့်ညီညွတ်နိုင်းဆုံးဖြတ်ကာ ဖြေရှင်းဆောင်ရွက်ကြရပါသည်ဘုရား။ ငါးသိန်းကျော်မျှသော သံဃာထုကြီးကိုလည်း ဘုရားဥပဒေ၊ နိုင်ငံတော်ဥပဒေ၊ အဖွဲ့အစည်းဥပဒေ၊ လူမှုဥပဒေစသည်များနှင့် အညီအညွတ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် ဝိနိစ္ဆယရေးရာအပိုင်းတွင် တရားရေးမဏ္ဍိုင်ကြီးအဖြစ်၊ သာသနာ့ရေးရာအပိုင်းတွင် သာသနာ့မဏ္ဍိုင်ကြီးအဖြစ်၊ ပညာရေးရာအပိုင်းတွင် ပရိယတ္တိမဏ္ဍိုင်ကြီးအဖြစ် မားမားမတ်မတ် ရပ်လျက်ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်ဘုရား။ ကြီးသောအမှု သေးငယ်အောင်၊ သေးငယ်သော အမှုပပျောက်အောင်၊ အကုသိုလ်တရားများယုတ်လျော့ပပျောက်ပြီးကုသိုလ်တရားများတိုးပွားလာအောင်အဂတိတရားများကင်းစင်စွာ ကြိုးစားဖြေရှင်းအောင်မြင်စေသဖြင့် ဘုရားတပည့်တော်တို့သဒ္ဓါဆပွားကြည်ညိုလေးစားရပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှုလျက်သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့်နည်းတူ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအခြေခံမှုအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည်လည်း သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ ဓမ္မဝိနယကို အလေးဂရုပြုခြင်းဖြင့် သံဃာကိုသာ အလေးဂရုပြုရမည်၊ ပုဂ္ဂိုလ်ကို အလေးဂရုမပြုရဟူသော ပရိဝါပါဠိတော်နှင့်အညီ စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏သဘောထားနှင့်ဆန္ဒကို အနည်းစုက လိုက်နာခြင်း၊ အနည်းစု၏ သဘောထားနှင့်ဆန္ဒကို အများက လေးစားခြင်းစသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ပါသည်ဘုရား။ ထိုနည်းတူပင် နိုင်ငံတော် တစ်ဝန်းလုံးရှိ ထေရဝါဒ သံဃာ့ဂိုဏ်း အသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီးဖြစ်သဖြင့်ရဟန်းသာမဏေတိုင်းသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်မှုကို ခံယူကြရမည်ဖြစ်ပါသည်ဘုရား။

သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲအောင်၊ တိုးတက်ထွန်းကားပြန့်ပွားအောင် ထမ်းဆောင်ကြရာတွင်လည်း ရဟန်းသာမဏေ သံဃာတော်များ အားလုံးသည် အချင်းချင်း ချစ်ခင်လေးစားတန်ဖိုးထားလျက် စိတ်ဓာတ်ပြည့်စွာ ညီညွတ်ပါမှ လုပ်ငန်းရပ်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။ အင်္ဂုတ္တရနိကာယ် နိပ္ပိယသုတ်တွင် ရဟန်းသံဃာအချင်းချင်းချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်စေသော ကျင့်စဉ်တရားများကို ဗုဒ္ဓရှင်တော်မြတ်ဟောမိန့်ထားသည်ကို သိရှိရပါသည်ဘုရား-

ဤတရားများမှာ-

- အဓိကရုဏ်းကို မပြုတတ်ခြင်း။
- သိက္ခာသုံးပါးကို လိုလားခြင်း။
- လောဘအလိုရမ္မက် နည်းပါးခြင်း။
- အမျက်မထွက်တတ်ခြင်း။
- သူတစ်ပါးဂုဏ်ကို မချေဖျက်တတ်ခြင်း။
- မစဉ်းလဲ မကောက်ကျစ်ခြင်း၊ မိမိ၌မရှိသောဂုဏ်ကို အရှိလုပ်ကာ လွဲမှားစွာ မပြောဆို တတ်ခြင်း။
- မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်လိုသည့်မာယာ မရှိခြင်း။
- လောကုတ္တရာ တရားတို့ကို ရှုမှတ်ဆင်ခြင်သိမြင်မှုရှိခြင်း။
- ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်း ကိန်းအောင်းခြင်း။
- သီတင်းသုံးဖော်တို့ကို အာမိသ၊ ဓမ္မနှစ်ဌာနဖြင့်ချီးမြှောက်တတ်ခြင်း။

ဤသို့ သဘောရှိသော ရဟန်းသာမဏေတို့ကို အချင်းချင်း သီတင်းသုံးဖော်တို့က အရိုအသေပေး အလေးဂရုပြုလျက် ဆက်ဆံကြပြီး သာသနာရေးကိစ္စများကို တိုင်ပင်ညှိနှိုင်း ဆောင်ရွက်သဖြင့် ချောချောမောမော အောင်မြင်စေနိုင်မည်ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးအတွင်းရှိ ရဟန်းသာမဏေများနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အား ညီညွတ်စေရေး၊ နိပ္ပိယသုတ်တော်လာချစ်ခင်လေးစား ကျင့်စဉ်တရားများနှင့်အညီ ရှိစေရေးတို့အတွက် ယခုထက်ပိုမို၍ လမ်းညွှန်ကြီးကြပ် ထိန်းမတ်ပေးတော်မူကြပါရန်ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်မြတ်ကြီးများဘုရား-

ဆရာတော် အရှင်မြတ်ကြီးများက ဦးဆောင်လျက် သာသနာရေးကိစ္စအဝဝကို အားသစ်စုပေါင်း ထပ်လောင်း ကြိုးပမ်း ထမ်းဆောင်ကြသကဲ့သို့ နိုင်ငံတော် အစိုးရအမှူးရှိသော ဒကာပြည်သူတို့ကလည်း ကိုယ်စိတ်နှစ်ပါးအား အစွမ်းထားလျက် သာသနာရေးလုပ်ငန်းများကို ဆရာ့နည်းကျ ဩဝါဒတော်များနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်ဘုရား၊ နိုင်ငံတော်က ထုတ်ပြန် ကြေညာထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် အညီ အာဏာစက် အကူအညီ အထောက်အပံ့များကိုတရားနှင့်လျော်စွာပေးလျက် ရှိပါသည်ဘုရား။

ထိုကဲ့သို့ သာသနာရေးလုပ်ငန်းများကို ဆရာဒကာ ညီညာလက်တွဲအားခဲနိုင်းချင့်ကျွန်းနှင့် ကိုင်းမှီ ရှေ့သွားညီအောင်၊ ရည်ရွယ်ပံ့ပိုး ကြိုးစား ဆောင်ရွက်လျက် ရှိသည့်ပြင်၊ ဒကာ့တာဝန် ကျေပွန်ကြရ၊ နုဂ္ဂဟနှစ်ဖြာ၊ ဓမ္မာပစ္စယ၊ ကုသိုလ်အဝဝကိုလည်း မဆုတ်မနစ်၊ အားအသစ်သစ်ဖြင့် တိုးမြှင့်လှူဒါန်းလျက် ရှိပါသည်ဘုရား။ ပြည်သူအပေါင်း သူတော်ကောင်းတို့သည် သာသနာတော်မြတ်ကြီး အတွက် စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့်၊ ထောက်ပင့်ဝေဆာ ပူဇော်ကြမည်သာ ဖြစ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား။

(သတင်းစဉ်)

## ဒေးဒရဲမြို့ အထက(၂) ငွေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကျင်းပမည်

**ဒေးဒရဲ နိုဝင်ဘာ ၂၂**

ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၂ရက်) ဒီဇင်ဘာ ၂၈ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေ ပါဝင်လှူဒါန်းလိုပါက ဦးသိန်းလွင် (ရန်ကုန်) ဖုန်း-၀၉-၉၉၇၃၁၈၆၊ ၀၉-၈၅၉၁၅၉၇၊ ဦးခင်မောင်သန်း(စိုက်ပျိုးရေး၊ ဒေးဒရဲ) ဖုန်း-၀၉-၈၅၉၂၁၆၅၊ ဦးနေလှိုင်းလင်း (ဒေးဒရဲ) ဖုန်း-၀၉-၈၅၉၁၇၈၈၊ ဦးမျိုးဇော်ဦး(ဒေးဒရဲ) ဖုန်း-၀၉-၈၅၉၁၀၁၃၊ ဒေါ်မြင့်မြင့်ခိုင် (ပြန်/ဆက်၊ ဒေးဒရဲ) ဖုန်း-၀၉-၈၅၉၁၉၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၁၀)ကြိမ်မြောက် စိုက်ပျိုးရေးတက္ကသိုလ် အငြိမ်းစား ဆရာ/ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်းကကြီးမှူး၍ (၁၀)ကြိမ်မြောက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၁၇-၁-၂၀၀၉ရက် (စနေနေ့) နံနက် ၈နာရီတွင် နေပြည်တော်၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုဓမ္မာရုံ၌လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ ပြန်လည်တွေ့ဆုံပွဲကို ညနေပိုင်းတွင်လည်းကောင်း ယခင်နှစ်များကကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် စိုက်ပျိုးရေး ဘွဲ့ရများ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့် ပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ရန်နှင့် ကျောင်းဆင်းခုနှစ်အလိုက် ရန်ပုံငွေထည့်ဝင်ရန်ကျန်ရှိသည့်နှစ်များကလည်း အလှူငွေထည့်ဝင်နိုင်ရန်အတွက် ဒေါက်တာမြင့်သောင်း၊ ပါမောက္ခချုပ်၊ စိုက်ပျိုးရေးတက္ကသိုလ် ဖုန်း-၀၆၇-၄၁၆၅၁၆၊ တိုင်းမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ (ရန်ကုန်တိုင်း) ဖုန်း-၀၁-၆၆၄၁၇၄၊ တိုင်းမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (မန္တလေးတိုင်း) ဖုန်း-၀၂-၃၁၇၉၃နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်း လုပ်ငန်း/ဌာနရုံးများနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်းက နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

# ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ၊ ဥက္ကဋ္ဌ၊ မကွေးမြို့မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့ဘုရား-

"ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံတော်မူကြ၍ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေ"ဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား မြတ်စွာဘုရားသည်-

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မော တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ တိ။ ပ။

ရဟန်းတို့ အကြင်ရဟန်းတို့သည် တရားစစ်တရားမှန်မဟုတ်သော အဓမ္မကို တရားစစ် တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း။

တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို တရားစစ်တရားမှန်မဟုတ်သော အဓမ္မဟု လည်းကောင်း။

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟု လည်းကောင်း။

ဝိနည်းစစ်ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ်ဝိနည်းမှန် မဟုတ်သော အဝိနယဟု လည်းကောင်း။

မြတ်စွာဘုရားမဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရားဟောအပ်ပြောအပ်ဟု လည်းကောင်း။

မြတ်စွာဘုရား ဟောအပ်ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟု လည်းကောင်း။

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်၏ဟုလည်းကောင်း။

မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်ဟုလည်းကောင်း။

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု လည်းကောင်း။

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟုလည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများစီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့အစီးအပွားမဲ့ခြင်း ဆင်းရဲခြင်းငှာ ကျင့်သည်မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေသည် မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု ဟောတော်မူပါသည်ဘုရား။

(အံ၊၁၊၁၈-၁၉)

ဆရာတော်အရှင်မြတ်တို့ဘုရား - ယခု သာသနာတော်နောက်ပိုင်းအချိန်အခါ၌ အဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် လူအများစီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်ကြကုန်သည်ဖြစ်၍ များစွာသောအကုသိုလ်ကို ဖြစ်ပွားစေကြကာ သာသနာတော်ကြီး ကွယ်ပျောက်အောင် ပြုလုပ်နေကြသည့် ရဟန်းသာမဏေများ ပေါ်ပေါက်နေကြသည်ကို ကြားသိကြရပါသည်ဘုရား။

အချို့ရဟန်းများကလည်း ထေရဝါဒဗုဒ္ဓသာသနာတော် မှေးမှိန်ကွယ်ပျောက်၍ မဟာယာနသာသနာ ဖြစ်ပေါ်အောင် လုပ်ဆောင်နေကြသည်ကိုလည်း ကြားသိနေရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဆိုခဲ့ပြီးသော အဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် နတ်လူအများ စီးပွားချမ်းသာမဲ့အောင် ဆင်းရဲအောင် သာသနာတော်ကိုလည်း ကွယ်ပျောက်အောင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားနေသည့် မြန်မာနိုင်ငံတော်၌ မဟာယာန သာသနာပေါ်ပေါက်လာအောင် ပြုလုပ်နေကြသော သာသနပစ္စတ္ထိက သာသနာ့ရန်စွယ်ဖြစ်သော ရဟန်းသာမဏေများ အင်အားမကောင်းမီ ကြိုတင်၍ ကာကွယ်ကြရန် လိုအပ်နေပြီဖြစ်ကြောင်းကို လျှောက်ထားပါသည်ဘုရား။

ထို့ပြင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟုဆုံးဖြတ်ခဲ့သောဝါဒများကို ပြန်လည်ဟောပြောနေကြသည်ကို လည်းကောင်း၊ အဓမ္မဝါဒဟုဆုံးဖြတ်ပြီးသော စာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေကြသည်ကိုလည်းကောင်း ကြားသိတွေ့မြင်နေကြရပါသည်ဘုရား။

ထိုအဓမ္မဝါဒကိုပြန်လည်ဟောပြောနေမှု၊အဓမ္မဝါဒစာအုပ်စာတမ်းများကို မိတ္တူကူး၍ဖြန့်ချိနေမှု စသည်တို့ကို သက်ဆိုင်ရာမှစုံစမ်းစိစစ်၍ဖော်ထုတ်အရေးယူသင့်ပြီဖြစ်ကြောင်းကိုလည်း လျှောက်ထားအပ်ပါသည်ဘုရား။

ယင်းသို့ တိတိကျကျပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများကို မပြုလုပ်ဘဲ လျစ်လျူရှုနေပါက ယင်းအဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာမည်ကိုလည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယများ အချည်းအနှီး အလဟဿဖြစ်သွားမည်ကိုလည်းကောင်း စိုးရိမ်မိပါသည်ဘုရား။ ဤကိစ္စကို လေးလေးနက်နက် ဆင်ခြင်စဉ်းစားနှလုံးထားတော်မူကြပါဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပြင်ဆင်ဖြည့်စွက်ချက် စာမျက်နှာ (၂၀)၊ အခန်း (၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ (က)၌ " သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကို ဆိုသည် " ဟု လည်းကောင်း၊ အပိုဒ်ခွဲ( င)၌ "ထေရဝါဒဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသောပိဋကကိုဆိုသည်" ဟုလည်းကောင်း၊ ယင်းအခြေခံစည်းမျဉ်းအခန်း(၂)၊ အပိုဒ်(၁၂)၊အပိုဒ်ခွဲ (ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်" ဟု လည်းကောင်း၊ အပိုဒ်(၁၃)၌ "သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါအခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန်ဆောင်ရွက်ခွင့်ရှိသည်"ဟုလည်းကောင်း ပြဆိုထားပါသည်။

ဤပြဆိုချက်များကို ပေါင်းရုံးသုံးသပ်ပါက မြတ်စွာဘုရား၏အဆုံးအမ သာသနာတော်ဖြစ်သော ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ထေရဝါဒပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်နိုင်သည်ဟု အဓိပ္ပာယ်ရရှိပါသည်ဘုရား။

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိသည်ကို သိတော်မူကြစေရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား - သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ် (၄)၌ "ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိရမည်" ဟုလည်းကောင်း၊ အပိုဒ် (၅)၌ "ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီးဖြစ်သည်"ဟု လည်းကောင်း ပြဋ္ဌာန်းထားပါလျက် ယခုအခါ အချို့ရဟန်းသာမဏေများသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင်သော သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းလျက် ဆောင်ရွက်နေကြပါသည်ဘုရား။ ယင်းသို့ ဆောင်ရွက်နေကြခြင်းသည် အဆိုပါ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အပိုဒ်(၄)၊ အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ကြသည့်အပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားလွှာအမှတ် (၈၁)ကိုလည်း ဖောက်ဖျက်ကျူးလွန်ရာ ရောက်ပါသည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ထုတ်ပြန်သော အမိန့်အမှတ်(၆/၉၀)နှင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ဥပဒေအမှတ်(၂၀/၉၀)တို့ကိုလည်း ကျူးလွန်ရာရောက်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ အဆိုပါစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေတိုင်း သိနေကြဖို့ အထူးလိုအပ်ပါသည်။ ထို့ကြောင့် ဤစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေများ သိနားလည်အောင် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ ကျောင်းထိုင်၊ ကျောင်းပိုင်၊ ဆရာတော်များ၊ ကျောင်းတိုက်ဆရာတော်များ၊ စာချဆရာတော်များက အခါအခွင့်သင့်တိုင်း ဟောပြောဆုံးမတော်မူကြရန် တပည့်တော်တို့ မဟာနာယကအဖွဲ့က ဆောင်ရွက်ပေးသင့်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား မြတ်စွာဘုရားသည် သုက္ကပက္ခ၌လည်း-

"ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ "အဓမ္မော"တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ တေစိမံ သဒ္ဓမ္မံ ဌပေန္တီတိ"။ ပ။

ရဟန်းတို့ အကြင်ရဟန်းတို့သည်-

တရားစစ်တရားမှန်မဟုတ်သော အဓမ္မကို တရားစစ်တရားမှန်မဟုတ်သော အဓမ္မဟုလည်းကောင်း၊

တရားစစ်တရားမှန်ဖြစ်သော ဓမ္မကို တရားစစ်တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယဟု လည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း၊

မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု လည်းကောင်း၊

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟုလည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ စီးပွားချမ်းသာဖြစ်ခြင်း အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သည်မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွားစေသည်မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည်မည်ကုန်၏ဟု ဟောတော်မူခဲ့ပါသည်ဘုရား။

(အံ၊၁၊၁၉)

သို့ဖြစ်ပါ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့်တကွ သံဃာ့အဖွဲ့အစည်းအသီးသီး၌ ပါဝင်သော အရှင်မြတ်များသည်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ မပါဝင်သော အရှင်မြတ်တို့သည် လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းသာမဏေ အားလုံးတို့သည် လူအများ၏ စီးပွားချမ်းသာဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သော ပုဂ္ဂိုလ်၊ များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်စေသော ပုဂ္ဂိုလ်၊ ဤသာသနာတော်ကိုလည်း တည်တံ့စေသော ပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)အမှတ်(၄၆)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၆)၌ ပြည်တွင်းစားသောက်ကုန်များ ကမ္ဘာ့ဈေးကွက်ထိုးဖောက်နိုင်ရန် ဈေးကွက်မြှင့်တင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီများ ထူထောင်မည်၊ မြန်မာ့အထည်ချုပ်လုပ်ငန်းအနေအထားကို အကောင်းဆုံးတွက်ဆကာ နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်မည်၊ လေဘေးသင့်ပြည်သူများအတွက် နေရောင်ခြည်စွမ်းအင်စနစ်ပါဝင်သည့် အဆင့်မြင့်နေအိမ်များ တည်ဆောက်ပေးမည်၊ ဆင်အစားအစာများ ရခိုင်ရိုးမတွင် စိုက်ပျိုးမည်၊ ထိုင်းတွင်ဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေးကြောင့် မြန်မာ-ထိုင်း နယ်စပ်မွေးမြူရေးလုပ်ငန်းများ သတိရှိရန် နှိုးဆော်၊ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူအများစု သတ်မှတ်အရည်အချင်းကိုက်ညီသော်လည်း အဆင်မပြေမှုများကြုံတွေ့နေစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'ကားပွဲစားများ နားနေသည်'၊ ပြည်တွင်းကားဈေးကွက် သုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အမေရိကန်အပြောင်းအလဲပေါ်မှာအီရန်နားလည်သဘောပေါက်မှာပါ' ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုလမ်နှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ငွေကြေးအကျပ်အတည်းနှင့်ပတ်သက်၍ အလျင်အမြန်အရေးယူဆောင်ရွက်ရန် စီမံ၊ ရုရှားက အမေရိကန်နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်လို၊ ကမ္ဘာ့ရုပ်အဆိုးဆုံးဘွဲ့ရ ခွေး ကင်ဆာရောဂါဖြင့်သေဆုံး၊ မိန်းမများ၏လက်များတွင် ဘက်တီးရီးယားများ ပိုမိုခိုအောင်းနေ၊ ဗီယက်နမ်ကနှစ်နိုင်ငံသားဖြစ်မှုကို ခွင့်ပြုချက်အနေဖြင့် ခွင့်ပြု၊ ဘောလိဝုဒ်က တောရွာနှင့် မြို့ငယ်လေးများမှ ယောကျ်ားလေးနှင့် မိန်းကလေးများအား ကျော်ကြားမှုအလင်းရောင်ကို ထွန်းညှိပေးနေ၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းမှ ဆင်းရဲသားတို့ အကျိုးအမြတ်ရနိုင်၊ ဒိန်းမတ်လူမျိုးစုံတွဲတစ်တွဲက မပြီးဆုံးနိုင်သော မင်္ဂလာပွဲကိုကျင်းပ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေး ကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား နိုဝင်ဘာ ၂၉ရက် (စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ တွေ့ဆုံ ဆွေးနွေးမည်ဖြစ်၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တောင်ငူ အ-ထ-က(၂) ပူဇော်ကန်တော့ပွဲ

**တောင်ငူ နိုဝင်ဘာ ၂၂**

တောင်ငူမြို့ အ-ထ-က(၂) (ယခင်အမျိုးသားကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက်စနာရီတွင် အဆိုပါကျောင်း မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးတင်ထွေး(နဝဒေးမိတ္တူ)၊ ဦးတင်လှိုင် ဖုန်း-၀၅၄-၂၅၂၄၀၊ ဒေါ်ဝင်းမင်းသက် ဖုန်း-၀၅၄-၂၄၂၂၄နှင့် ဒေါ်ထက်ထက်မိုး ဖုန်း-၀၅၄-၂၄၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၄၇၂)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "သမ္မာဒိဋ္ဌိ(၅)မျိုး" တရားတော် (ဆရာတော်ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ) |
| ၇း၅၅ - ၁း၅၅ | Sunday Talk [ပါမောက္ခဒေါက်တာတင်စိုး၊ ဦးစိန်ဝင်းလှိုင်(အထွေထွေအတွင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၅၅ - ၂း၅၅ | ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ဒေါက်တာသန်းထွဋ်) |
| ၉း၅၀ - ၃း၅၀ | ပျော်ရွှင်စရာ UTOPIA Tower |
| ၁၀း၁၀ - ၄း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်) |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ - ၄း၄၅ | စားချင်စဖွယ်နည်းအသွယ်သွယ် (European Style Set Menu) |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | "အင်း" ငွေပန်းထိမ်ရဲ့ အငွေ့အသက် |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | Yangon Panorama (၂၀၀၉ခုနှစ် ဂျပန်နှင့်ကိုရီးယားခေတ်သစ်ဒီဇိုင်းပြပွဲ) |
| ၁၁း၅၀ - ၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅ - ၅း၅၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မြသက်မှု) |
| ၁၂း၁၅ - ၆း၁၅ | နားခိုစရာတောင်လှေကားမြို့မှာ |
| ၁၂း၂၅ - ၆း၂၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "မယော်သဏ" |
| ၁၂း၅၀ - ၆း၅၀ | ကိုမောင်မြင့်တို့ပျော်နေပုံများ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Barclays Premier Leagueဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Tottenham-Blackburn | ESPN(Live) |
| ၁၀း၂၅ | Sunderland - West Ham | ESPN(Live) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

**Series A ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Lazio-Genoa | 5-Cartoons(Live) |
| ၂း၀၀ | Torino - AC Milan | 5-Cartoons(Live) |

အတည်ပြုချိန် ၂း၅၀

### ✳ကျောဖုံးမှ

ထွန်ယက်စိုက်ပျိုးခြင်းနှင့် အခြားအသုံးပြုခံရသောတောမှာ ၀ ဒသမ ၆၅ ရာခိုင်နှုန်းရှိပြီး ပေါက်ရောက်သော သစ်မျိုးများမှာ ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ သရက်၊ သဒီ၊ သင်းဝင်၊ သစ်ဆိမ့်၊ သစ်ပုပ်၊ သပြေ၊ ကညင်၊ တောင်သရက်၊ ကြက်ရိုး၊ ဖန်ခါး၊ အင်၊ ဒီးဒူး၊ လက်ပံ၊ ယမနေ၊ ယင်းတိုက်၊ သစ်ကတိုး၊ ဘင်္ဂ၊ နှော၊ နဘဲ၊ ချဉ်ယုတ်နှင့် ဖက်ဝန်းစသည့် သစ်မျိုးများ ပေါက်ရောက်လျက်ရှိရာ သစ်မျိုးစုံလင်လှသည်။ ဝါးအမျိုးအစားများအနေဖြင့် ကြသောင်းဝါး၊ တင်းဝါး၊ သိုက်ဝါး၊ ခရင်ဝါးနှင့် မျှင်ဝါးများ ပေါက်ရောက်ပြီး ကြိုးပြင်တောရှိ ဥယျာဉ်ခြံမြေများတွင် ဝါးပိုးဝါးများကို စိုက်ပျိုးကြရာ ဧက ၂၀၀၀ ခန့်မှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည်။

ကြံခင်းမြို့နယ်အတွင်း ကျွန်းစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကို ၁၉၇၇ ခုနှစ်တွင် အစပြုပြီး ယခု ၂၀၀၈ ခုနှစ်အထိ သစ်တောဦးစီးဌာနမှ ၁၆၇၂၇ ဧကနှင့် ပုဂ္ဂလိကမှ ဧက ၂၂၀၀ စုစုပေါင်း ၁၈၉၂၇ ဧက အထိ စိုက်ပျိုးထားသည်။

ထို့အပြင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ မိန့်မှာချက်နှင့်အညီ ပုဂ္ဂလိက ကျွန်းစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကိုလည်း ကြံခင်း ကြိုးဝိုင်း အတွင်း၌ ၂၀၀၇ ခုနှစ်မှ အစပြု၍ ဖြိုးစည်သူ ထရေးဒင်းကုမ္ပဏီက ဧက ၅၀၀ ကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဧက ၁၇၀၀ ကိုလည်းကောင်း စိုက်ပျိုးပြီးဖြစ်သည်ကို တွေ့ရသည်။

ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ တည်ထောင်ရာတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ မိန့်မှာချက်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၏မှာကြားချက်များနှင့် အညီ မြို့နယ် သစ်တောဝန်ထမ်း များ၏ အနီးကပ်ကူညီပံ့ပိုးမှုများ ဖြင့် ဘက်ပေါင်းစုံမှ နည်းစနစ်များ ဟောပြောပို့ချခြင်း၊ လက်တွေ့သရုပ်ပြခြင်းတို့ကို ကုမ္ပဏီမှ ဝန်ထမ်းများဖြင့် ပူးပေါင်း၍ အောင်မြင်စွာ ဆောင်ရွက်ထားသည်ကို တွေ့ခဲ့ရသည်။

ကျွန်းစိုက်ခင်းများကို တည်ထောင်ရာတွင် တောပျက်၊ တောညံ့၊ ဖုန်းဆိုးတောများတွင်လည်း စိုက်ပျိုးစေခဲ့သည်။ သစ်တောဦးစီးဌာန၏ ဌာနဆိုင်ရာ ကျွန်းစိုက်ခင်းများကို မျှင်ဝါးတောင်ကြိုးဝိုင်းနှင့် မြောက်မြန်အောင်ကြိုးဝိုင်းအတွင်းရှိ တောပျက်၊ တောညံ့၊ ဖုန်းဆိုးတောများနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းများတွင်သာမက ကြံခင်းကြိုးဝိုင်းအတွင်းရှိ တောပျက်၊ တောညံ့၊ ဖုန်းဆိုးတောများတွင်လည်း ရွေးချယ်စိုက်ပျိုးထားသည်ကိုတွေ့ရသည်။

စိုက်ပျိုးရာတွင် တောင်ယာနည်းစနစ်ဖြင့် စိုက်ပျိုးစေခဲ့ပြီး ကြားညှပ်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပြောင်းနှင့် နေကြာ စသည်တို့အပြင် မီးဖိုချောင်သီးနှံအဖြစ် ငရုတ်၊ ခရမ်း၊ ရုံးပတီ၊ ချဉ်ပေါင်စသည်တို့ကိုလည်း စိုက်ပျိုးထားသည်ကို တွေ့ရသည်။ စိုက်ပျိုးပြီးတစ်လသားမှစတင်၍ ပဲပုပ်ရည်၊ ပုလဲဓာတ်မြေဩဇာ၊ (NPK) တို့ကို စနစ်တကျ ကျွေးထားသည်။ ပေါင်းရှင်းခြင်း လုပ်ငန်းကိုလည်း လူအင်အား၊ မြက်ဖြတ်စက်အင်အားတို့ဖြင့် ဆောင်ရွက်ထားရာ ရောဝတီတိုင်း ကြံခင်းမြို့နယ်ရှိ သစ်တောစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများမှာ အားရဖွယ်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်း စိုက်ပျိုးရန် ပျိုးထောင်ထားသော ကျွန်းပျိုးပင်များကိုတွေ့ရစဉ်။**

### ✿ပန်းဂေါ်ဖီမှ

ပန်းဂေါ်ဖီသည် ကုထုံးဆိုင်ရာဆေးဝါးတစ်မျိုး မဟုတ်သေးသော်လည်း ဆေးလိပ်သောက်သည့် အလေ့အကျင့်ကို ပယ်ဖျောက်နိုင်ခြင်းမရှိသေးသူများ စားသုံးပေးခြင်းဖြင့် ကင်ဆာဘေးအန္တရာယ်မှ ကာကွယ်နိုင်ကြောင်း၊ ဆေးလိပ်ဖြတ်ပြီးသူများအနေဖြင့်မူ ပန်းဂေါ်ဖီနှင့် မုန်ညင်းစားသုံးမှု၏အကျိုးရလဒ်ကို ပိုမို၍ပင် ခံစားရရှိနိုင်ကြောင်း လီတန်းကပြောကြားသည်။

လီဦးဆောင်သော သုတေသီများသည် အဆုတ်ကင်ဆာရောဂါဖြင့် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများကို အခြေခံကာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

၎င်းအပြင် ရောဂါဖြစ်ပွားခြင်းမရှိသေးသူများကိုလည်း စနစ်တကျ လေ့လာခဲ့သည်။

ယင်းသို့လေ့လာရာတွင် ပန်းဂေါ်ဖီနှင့် မုန်ညင်းမျိုးနွယ် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် အင်္ဂါအစိတ်အပိုင်း အမြေးဆဲလ်များမှ ဖြစ်ပွားသော ကင်ဆာရောဂါ (ကာဆီနိုမာ) ဘေးအန္တရာယ်ကို ၂၀ရာခိုင်နှုန်းမှ ၅၅ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း သိရှိရသည်။

***အင်တာနက်။***

## ပရီမီယာလိဂ်

## ပွဲစဉ်(၁၄) ရလဒ်များ

| | | |
|---|---|---|
| ချယ်လ်ဆီး | ၀-၀ | နယူးကာဆယ် |
| လီဗာပူး | ၀-၀ | ဖူလ်ဟမ် |
| မန်စီးတီး | ၃-၀ | အာဆင်နယ် |
| မစ်ဒယ်ဘရော့ | ၁-၃ | ဘော်လ်တန် |
| ပို့စ်မောက် | ၂-၂ | ဟူးလ်စီးတီး |
| စတုတ်စီးတီး | ၁-၀ | ဝက်စ်ဘရွန်း |
| ဗီလာ | ၀-၀ | မန်ယူ |

## ခြေစွမ်းတဲ့ ဘောလုံးမောင်

* နိုင်ပြီတဲ့ နိုင်ပြီ
“ဂရင်းရှိုင်ရယ်”သည်တစ်ပွဲမှာဖြင့်
ချန်ပီယံ ပျို့အသည်းစိုင်တို့
ဗိုလ်စွဲလို့နိုင်ပြီ. . . ။
မျှော်လင့်ချက်လင်းရောင်ခြည်
ပြည့်ပါပြီရင်ကြား. . . ။
နိုင်ငံအလုံး အုန်းကျွက်ကျွက်စည်တယ်
ပြုံးမျက်ရည်ဝေ့လျက်ပါတကား. . . ။

* ပျော်သည်တဲ့ ပျော်သည်
ကြီးငယ်ငယ် ဘယ်မရွေး
တကယ်တွေးပျော်သည်. . . ။
ကွင်းလုံးပြည့်ညံစီစီ
အလံအလီလီဝှေ့ကစား. . . ။
မျိုးချစ်စိတ်တလိပ်လိပ်လျှံတယ်
ပရိသတ်အသံဟည်းလို့တုန်သွား. . . ။

* ဇာနည်တဲ့ ဇာနည်
နွယ်သာကီ ဘာမထီဖွဲ့ပေမို့
အောင်ပွဲရပြီ. . . ။
ရွှေစစ်တဲ့ “နာရဏီ”
မဟာဆီ မြန်ပြည်သား. . . ။
နိုင်ငံအလုံး ပြုံးရအောင်ကွယ်
ဘောလုံးမောင်ရယ် စွမ်းလိုက်ပုံများ. . . ။

မင်းယဉ်စု

## ညအပူချိန်များတိုးလာနိုင်

ရန်ကုန် နိုဝင်ဘာ ၂၂

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပါသည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၆ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** လွိုင်ကော်မြို့တွင် ၀ဒသမ ၃၆လက်မ၊ ပြည်မြို့တွင် ၀ဒသမ ၁၂လက်မ၊ သီပေါမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ဒသမ၀၈လက်မစီတို့ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၃ရက်ညနေထိ ခန့်မှန်းချက်။** ။ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။တစ်ပြည်လုံးတွင် ညအပူချိန်များ တိုးလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၅ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်) ၂၁-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂၂-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၆၇ ရာခိုင်နှုန်း ၂၂-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ဒသမ၄ နာရီခန့် ၂၁-၁၁-၂၀၀၈

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၀ ၆။ **“ကောင်းခြင်းဝေဖြာ” (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) [ဒါရိုက်တာ- အောင်မိုး(ပဲရစ်)]**
၈း၂၀ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ မြန်မာ့မီးရထားအားမာန်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၁၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေမေ့မေတ္တာ ကုဋေကုဋာ” (အပိုင်း-၂၄)**
၁၂း၅၀ ၆။ Golf Magazine(TV)
၁း၁၅ ၇။ **မြန်မာဗီဒီယိုဇာတ်လမ်း “ရင်ရိုပ်စစ်စစ်သို့” (ဒွေး၊ အေးဝတ်ရည်သောင်း) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
၂း၄၅ ၈။ International News.
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၄း၁၅ ၃။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၆။ မူဟန်သွယ်သွယ် ဆိုကြမယ်
၅း၁၅ ၇။ အကပြိုင်ပွဲ
၅း၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကာတွန်းအစီအစဉ် “Pocket Dragon Adventure”
၆း၅၅ ၁၂။ “တစ်မျက်နှာတစ်ကွက်စာ”
၇း၂၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သံယောဇဉ်နှောင်ကြိုး” (အပိုင်း-၁၆)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ရှာဖွေခြင်း” (အပိုင်း-၁၀)**
၁၈။ အစီအစဉ်ပြီး၏။

**အတည်ပြုချိန် ၂း၅၀**

# ငြိမ်းချမ်းမှု အသီးအပွင့်များ ဝေဆာဖွံ့ဖြိုးလာသည့် တအာင်းပလောင်တို့၏ လက်ဖက်မြို့

## သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သတင်းထောက်မောင်မောင်(ကျောက်မဲ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နမ့်ဆန်မြို့သည် မြန်မာနိုင်ငံတွင် လက်ဖက်အများဆုံး ထွက်သည့် (တအာင်း) ပလောင်သွေးချင်းသားချင်းတို့ နေထိုင်ရာ တောင်ပေါ်လက်ဖက်မြို့ ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၅၃၃၂ ပေတွင် တည်ရှိသည်။ မြို့ပေါ်တွင် ရပ်ကွက် ခြောက်ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၂၆ အုပ်စုရှိသည်။ လူဦးရေ နှစ်သိန်းကျော်ခန့် နေထိုင်ကြသည်။

အဆိုပါမြို့ရှိ ဒေသခံ တိုင်းရင်းသားတို့သည် သောက်သုံးရေနှင့်ပတ်သက်ပြီး နှစ်ပေါင်းများစွာ ပင်ပန်း



နမ့်ခေးသဘာဝ ရေထွက်မှ သုံးမိုင်ဝေးသည့် ဇယန်းကြီးရေလှောင်ကန်သို့ ဆက်သွယ်ထားသော (DI) သံမဏိရေပိုက်များကို တောင်ကြောတစ်နေရာတွင် တွေ့ရစဉ်။

ကြီးစွာ ခပ်ယူသုံးစွဲခဲ့ကြရရှာသည်။ တောင်ပေါ်မှ လေးမိုင်ခန့်ဝေးသည့် တောင်အောက်ခြေ လျှိုအတွင်းရှိ ရေထွက်ရာ စမ်းရေအိုင်သို့ဆင်း၍ ခပ်ယူသုံးစွဲခဲ့ကြရသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ဆူကြဲနိမ့်မြင့်ကွာဟမှု မရှိစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်လျက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအားညမနား ဆောင်ရွက်လုပ်ကိုင်ပေးလျက်ရှိသည်။ နယ်စပ်ဒေသမကျန် တောင်ပေါ် မြေပြန့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ ဖြည့်ဆည်းဦးဆောင်မှုဖြင့် တအာင်းပလောင်တိုင်းရင်းသားတို့ ပျော်စံရာ တောင်ပေါ်လက်ဖက်မြို့တော် နမ့်ဆန်သည်လည်း သောက်သုံးရေကို အိမ်တိုင်းစေ့ ဖောဖောသီသီ သုံးစွဲလာနိုင်ခဲ့ကြသည်။ ရေမီးအစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရသည်။

အဆိုပါ မင်္ဂလာရှိသော သတင်းအပြည့်အစုံကို ရရှိနိုင်ရန်အတွက် ကြေးမုံသတင်းအဖွဲ့သည် နမ့်ဆန်မြို့သို့ သွားရောက်ခဲ့ကြသည်။ ရေဖူလုံစွာ ရရှိရေးအတွက် ကြိုးပမ်းလုပ်ကိုင်ခဲ့ကြသော နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းမြင့်တို့အား တွေ့ဆုံမေးမြန်းရာ နမ့်ဆန်မြို့ ရေပေးဝေရေး စီမံကိန်းကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ ထောက်ပံ့ငွေ ၁၂၅ သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၇၅ သိန်းကျော် ပေါင်း သိန်း ၂၀၀ ကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အောင်မြင်စွာ တစ်မြို့လုံး ရေပေးဝေနိုင်ပြီ ဖြစ်ကြောင်း၊ ရေကို နမ့်ဆန်မြို့မှ ခုနစ်မိုင်ခန့်ဝေးသည့် သဘာဝရေထွက်ရာ နမ့်ခေးရေထွက်မှ (DI)ဒီအိုင် သံမဏိရေပိုက်ကြီးများဖြင့်သွယ်ယူခဲ့ကြောင်း၊ (DI)ဒီအိုင် သံမဏိရေပိုက်ကြီးများ သွယ်တန်းရာတွင် လက်ဖက်ခြံများကို ဖြတ်သန်းပြီး တစ်တောင်ဆင်း တစ်တောင်ကျော် တစ်ကုန်းဆင်း တစ်ကုန်းတက်၍ အားကြိုးမာန်တက် လုပ်ကိုင်ခဲ့ကြရကြောင်း၊ နမ့်ခေးရေထွက်မှ သုံးမိုင်ကျော်ခန့် ဝေးသည့် ဇယန်းကြီး ရေလှောင်ကန်အထိဖြစ်ကြောင်း၊ ဇယန်းကြီး ရေလှောင်ကန်သည် ရေဂါလန် ၁၁ သိန်းဝင်ဆံ့ ကန်ဖြစ်ကြောင်း၊ ဇယန်းကြီးရေလှောင်ကန်မှတစ်ဆင့် မြို့ပေါ်သို့ PVC ကွန်ကြူးရေပိုက်များဖြင့် သွယ်တန်းပြီး ဆိုက်ဖွန်ရေပို့နည်းစနစ်ဖြင့် ရေများဖြန့်ဝေပေးကြောင်း၊ ယခုအိမ်တိုင်းစေ့ရေများကို ရေမီတာတပ်ဆင်၍ သုံးစွဲနေကြပြီးဖြစ်ကြောင်း၊ နမ့်ခေးသဘာဝရေထွက်မှရေသည် ရေသန့်စင်မှုအရည်အသွေး ၆ ဒသမ ၉၉ ရှိကြောင်း၊ စက်ရုံများမှ ထုတ်လုပ်သည့် ရေသန့်နီးပါး အရည်အသွေး ကောင်းမွန်ကြောင်း၊ ယခုကဲ့သို့ရေကို ဖောဖောသီသီ သုံးစွဲလာနိုင်ခဲ့သဖြင့် မီးဘေးအန္တရာယ်အတွက်လည်း စိတ်ချနိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။ ဆက်လက်၍ သတင်းအဖွဲ့သည် အမက(၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေး၊ အမက(၄) ကျောင်းအုပ် ဆရာမကြီး ဒေါ်လှဝင်း နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။



နမ့်ဆန်မြို့သို့ ရေဖြန့်ဝေပေးသည့် ဇယန်းကြီး ရေလှောင်ကန်ကို တွေ့ရစဉ်။

ဆရာမကြီးနှစ်ဦးက ဝမ်းသာပီတိဖြစ်လျက် "မိမိတို့ကျောင်းများမှ ကလေးများသည် ယခင်က နေ့စဉ်အဖွဲ့လိုက် အလှည့်ကျသောက်သုံးရေအတွက် လေးမိုင်ခန့်ဝေးသည့် တောင်အောက်ခြေရှိ ရေထွက်စမ်းရေအိုင်သို့ဆင်းပြီး ခပ်ယူခဲ့ရကြောင်း၊ နေ့စဉ်သောက်သုံးရေအတွက် ပင်ပန်းခဲ့ကြရကြောင်း၊ ယခုနိုင်ငံတော်အစိုးရ၏ စေတနာထား ဆောင်ရွက်ပေးမှုကြောင့် ရေကို ဖောဖောသီသီ သုံးစွဲလာနိုင်သဖြင့် နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ပါကြောင်း" ပြောပြခဲ့ကြသည်။

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ငြိမ်းချမ်းရေး တည်ဆောက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် တအာင်းပလောင်သွေးချင်းသားချင်းတို့၏ ဒေသတစ်ခုလုံး အေးချမ်းသာယာလာခဲ့ပြီး ငြိမ်းချမ်းမှုအသီးအပွင့်များဖြင့် ဝေဆာဖူးပွင့်လာကာ ငြိမ်းချမ်းမှုအရသာကို အားလုံး ခံစားနေကြပြီးဖြစ်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

### အသံချဲ့စက်သံဆူညံ ပတ်ဝန်းကျင် နားမခံသာ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၁၉ လမ်းထိပ်တွင် အသံချဲ့စက် အမြဲဖွင့်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အသံချဲ့စက်ကို စည်းကမ်းနှင့်အညီ အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံသာသူ**

### မုန့်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း (၃)ရပ်ကွက် ပုလဲဂေဟာလမ်းသွယ်တွင် မုန့်မျိုးစုံဖုတ်သည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ညှော်နံ့များ ပျံ့နှံ့နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ ညှော်နံ့ပျံ့နှံ့ခြင်း မရှိစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

### ကာရာအိုကေနှင့် ယမကာဆိုင် ကြပ်မတ်ပေးပါ

**စာတည်းရှင့်-**

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် (၂)ရပ်ကွက် ချမ်းမြေ့သာယာလမ်း သီရိရွှေသာဈေးအနီးရှိ အရက်ဆိုင်တစ်ဆိုင်သည် လိုင်စင်မဲ့ ကာရာအိုကေဆိုင်ကိုပါ ဖွင့်လှစ်ထားရာ နေ့ညမပြတ် သောက်စားမူးယစ် ဆူညံခြင်းများကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ အိပ်ရေးပျက်ကြရပြီး စိတ်အနှောင့်အယှက် ဖြစ်နေကြပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရက်ဆိုင်အား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သာပေါင်းသူ**

### မီးခိုးခေါင်းတိုင်မှ ဖွဲပြာများပျံ့လွင့်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက် အောင်မင်္ဂလာ (၆)လမ်းရှိ ဆန်စက်တစ်လုံး၏ ခေါင်းတိုင်မှ ဖွဲပြာများသည် ရပ်ကွက်တွင်း နေအိမ်များပေါ်သို့ ပျံ့လွင့်ကျရောက်နေပါသဖြင့် စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ သန့်ရှင်းမှုရှိစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်ပြည်သူများ**

### ငါးခြောက်၊ အသားခြောက်များကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဘောဂလမ်းတွင် ငါးခြောက်မျိုးစုံနှင့် အသားခြောက်များကို သိုလှောင်၊ နေလှန်း၊ ဖြန့်ချိလျက်ရှိရာ ပတ်ဝန်းကျင်တွင် နေထိုင်သူများသည် ငါးခြောက်နှင့် အသားခြောက်နံ့မျိုးစုံကို နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါငါးခြောက်လုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဘောဂလမ်းသားတစ်ဦး**

### ရေမြောင်းများပိတ်ဆို့ ခြင်များပေါက်ပွား

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅-ရပ်ကွက် ၅၂ လမ်း အောက်လမ်း အနောက်ဘက်ခြမ်းတွင် တိုက်သစ်နှစ်လုံး ဆောက်လုပ်လျက်ရှိရာ ဖောင်ဒေးရှင်းတူးစဉ် ထွက်ရှိလာသော ရေနှင့်ရွှံ့နွံများကို ရေမြောင်းအတွင်းသို့ စုပ်ထုတ် စွန့်ပစ်သောကြောင့် ရေမြောင်းများ ပိတ်ဆို့ပြီး ရေစီးရေလာမကောင်းပါ။

အဆိုပါ ရေနုတ်မြောင်းများတွင် ခြင်များ ပေါက်ပွားနေပါသဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားတစ်ဦး**

### ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

### ဆူညံသံနှင့် မီးဘေးအန္တရာယ်တားဆီးပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် လုပ်သားလမ်းရှိ မုန့်ဖုတ်လုပ်ငန်းတစ်ခုမှ အလုပ်သမားများသည် နေ့ညဆူပူအော်ဟစ်ခြင်း၊ မုန့်ညှော်နံ့နှင့် မီးခိုးများစွာထွက်ခြင်းတို့ နေ့စဉ်ဖြစ်ပေါ်နေပါသည်။ သို့ပါ၍ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအား အနှောင့်အယှက်များစွာဖြစ်ပေါ်လျက်ရှိသောကြောင့် ပတ်ဝန်းကျင် ဆူညံမှုနှင့် မီးဘေးအန္တရာယ်တို့မှ ကြိုတင် ကာကွယ်နိုင်ရန်အတွက် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### သံတို သံစ အမှိုက်ပုံ ရှင်းလင်းပြီးစီး

၁၆-၁၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဝေါမြို့ သစ်စက်ရပ်ကွက် ဘူတာလမ်းမှ **သံတို သံစ အမှိုက်ပုံ ရှင်းလင်းပေးပါ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**


GRAND ROYAL 08 challenge cup
Main Sponsor
GRAND ROYAL
Congratulations to the
Myanmar Football Team!
Myanmar
Malaysia
Indonesia
Vietnam
Olympic Team
Korea
Hyundai Club
Bangladesh
Organized by:
MYANMAR
FOOTBALL FEDERATION
ESTABLISHED 1947
GRAND ROYAL challenge cup ပြိုင်ပွဲ
သုံးနှစ်ဆက်တိုက်ချန်ပီယံ အောင်ပွဲရ မြန်မာဘောလုံးအသင်း၏
တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားလောက်စရာ စွမ်းဆောင်မှုအတွက်
GRAND ROYAL မှ လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။
IBTC

# ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းမှ အောင်မြင်ဖြစ်ထွန်းနေသော သစ်တောစိုက်ခင်းများ

သတင်းဆောင်းပါး - ဦးအေးဝင်း

**ကြံခင်းမြို့နယ်သည် ဧရာဝတီတိုင်း ဟင်္သာတခရိုင်အတွင်း ပါဝင်ပြီး ဧရာဝတီတိုင်း၏ မြောက်ဘက်အစွန်း၌ တည်ရှိသကဲ့သို့ ခရိုင်၏ မြောက်ဘက်အစွန်းလည်းဖြစ်ကာ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းတို့နှင့် ထိစပ်လျက်ရှိသည်။ ရေမြေသဘာဝ ကောင်းမွန်သည်။ ဧရာဝတီတိုင်းသည် မြောက်ဘက်တွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်၊ အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် ရွှေတောင်မြို့နယ်၊ တောင်ဘက်တွင် မြန်အောင်မြို့နယ်၊ အနောက်ဘက်တွင် ရခိုင်ရိုးမတောင်တန်း၊ သံတွဲမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။**



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော သက်ကြီးကျွန်းစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

မြို့နယ်၏ အကျယ်အဝန်းမှာ ၄၄၄ ဒသမ ၅၉ စတုရန်းမိုင်၊ ဧကအားဖြင့် ၂၈၄၅၃၇ ဧက ရှိသည်။ ကြံခင်းမြို့နယ်အတွင်း သစ်တောကြိုးဝိုင်း ခြောက်ခုရှိပြီး စုစုပေါင်း ဧရိယာမှာ ၁၆၄၅၅၄ ဧက ရှိသဖြင့် တစ်မြို့နယ်လုံး၏ ဧရိယာဧက တစ်ဝက်ကျော် သစ်တောကြိုးဝိုင်း လွှမ်းခြုံလျက်ရှိသည်။

ရာသီဥတုမှာ မိုးရာသီတွင် ပျမ်းမျှမိုးရေချိန် လက်မ ၆၀၊ ပျမ်းမျှမိုးရွာရက် ၁၀၀ ရှိပြီး အမြင့်ဆုံး အပူ ချိန် ၁၀၃ ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံး အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်ရှိသဖြင့် ရာသီဥတု မျှတကောင်းမွန်သည်။ ထိုကဲ့သို့ ရာသီဥတု၊ ရေမြေသဘာဝ ကောင်းမွန်သော ကြံခင်းမြို့နယ်တွင် သစ်တောသစ်ပင်များဖြင့် စိမ်းစိုလျက်ရှိရာ သစ်တောသစ်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အခြေအနေများကို သိရှိနိုင်ရန်အတွက် မှတ်တမ်းဖော်ထုတ် တင်ပြလိုက်ပါသည်။

ကြံခင်းမြို့နယ်ရှိ သစ်တောကြိုးဝိုင်း ခြောက်ခုတွင် ပေါက်ရောက်လျက်ရှိသော တောအမျိုးအစားများမှာ အမြဲစိမ်းတော ၉ ဒသမ ၅၈ ရာခိုင်နှုန်း၊ ရွက်ပြတ်ရောနှောတော ၇၉ ဒသမ ၉၀ ရာခိုင်နှုန်း၊ အင်တိုင်းတော ၉ ဒသမ ၈၀ ရာခိုင်နှုန်း၊ တောခြောက် ၀ ဒသမ ၀၇ ရာခိုင်နှုန်း၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

အင်တာနက် ကျန်းမာရေးသတင်း



## ပန်းဂေါ်ဖီနှင့် မုန်ညင်းစားသုံးမှု ကင်ဆာရောဂါအန္တရာယ်မှ ကာကွယ်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

ဆေးလိပ်သောက်သူများသည် ပန်းဂေါ်ဖီနှင့် မုန်ညင်းမျိုးနွယ် ဟင်းသီးဟင်းရွက်များကို စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် ကင်ဆာသုတေသနအသင်း၏ နှစ်ပတ်လည် နိုင်ငံတကာညီလာခံ၌ တင်သွင်းသော လေ့လာချက်တစ်ရပ်အရ သိရသည်။

လက်ရှိအားဖြင့် ဆေးလိပ်သောက်သုံးသူပင်ဖြစ်စေ၊ ယခင်က ဆေးလိပ်သောက်သုံးခဲ့သူပင်ဖြစ်စေ ပန်းဂေါ်ဖီနှင့် မုန်ညင်းမျိုးနွယ် ဟင်းသီးဟင်းရွက်များကို စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုကို ကာကွယ်ပေးနိုင်ကြောင်း ရော့စ်ဝဲလ်ပါ့ခ် ကင်ဆာသုတေသနသိပ္ပံမှ ပါရဂူဘွဲ့လွန် သုတေသီလီတန်းက ပြောကြားသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

အာကာသသိပ္ပံ အင်တာနက်သတင်း

## အင်္ဂါဂြိုဟ်တွင် ငုပ်လျှိုးနေသော ရေခဲမြစ်များ ရှိသည်ဟုဆို

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)၏ အင်္ဂါဂြိုဟ်လေ့လာစူးစမ်းရေး အာကာသယာဉ်က အင်္ဂါဂြိုဟ်ပေါ်တွင် ကြီးမားသော ရေခဲမြစ်များသည် ကျောက်တုံး၊ ကျောက်ခဲ အစအနများ၏ ဖုံးလွှမ်းမှုအောက်တွင် ရှိနေကြောင်း၊ ယခင်က အင်္ဂါဂြိုဟ်ပေါ်တွင် ရေခဲများရှိသည်ဟု သိရှိထားသောနေရာထက် ပို၍နိမ့်သော လတ္တီတွဒ်တွင် ရှိကြောင်း ဖော်ထုတ်ပြသလိုက်သည်။

### ဆန်းစစ်ကြည့်ရှု

အာကာသယာဉ်၏ မြေလွှာကို ဖောက်ထွင်းဖမ်းယူနိုင်သည့် ရေဒါမှရရှိသော အချက်အလက်များနှင့် နိုဝင်ဘာ ၂၁ ရက်နေ့ထုတ် "ဆိုင်းယင့်"ဂျာနယ်တွင် တင်ပြထားသော ငုပ်လျှိုးနေသော ရေခဲမြစ်များသည် တောင်တန်းများ၊ ကျောက်ဖျာများ အစွန်းမှ မိုင်ပေါင်း ဒါဇင်နှင့်ချီ၍ရှိကြောင်း အစီရင်ခံစာကို သိပ္ပံပညာရှင်များက ဆန်းစစ်ကြည့်ရှုကြသည်။

လွန်ခဲ့သော ရေခဲခေတ်ကာလက လတ္တီတွဒ်အလယ်ပိုင်းတွင် ဖုံးအုပ်နေသော ရေခဲများမှ အကြွင်းအကျန်အတိုင်း မြေအောက်ရှိ ရေခဲမြစ်များကို မူလအခြေအနေကဲ့သို့ရှိစေရန် ရေခဲကို ဖုံးလွှမ်းထားသော ကျောက်အလွှာက ထိန်းသိမ်းထားသည်။

### ရေခဲထု အများအပြားရှိ

အဆိုပါ ရေခဲမြစ်များက အင်္ဂါဂြိုဟ်ပေါ်တွင် အကြီးမားဆုံး ရေခဲများ ခိုအောင်းနေမှုကို အသေအချာနီးပါး ညွှန်ပြနေကြောင်း အစီရင်ခံစာကို ဦးဆောင်ရေးသားသူ တက္ကဆက်တက္ကသိုလ်မှ ဂျွန်ဟော့က ပြောကြားသည်။ ၎င်းတို့လေ့လာလျက်ရှိသော ရေခဲထု၏ အသွင်သဏ္ဌာန်များထဲမှ တစ်ခုသည် လော့စ်အိန်ဂျလိစ်မြို့ထက် သုံးဆကျယ်ပြောပြီး အထူ မိုင်ဝက်ရှိကြောင်း၊ ထိုကဲ့သို့သော ရေခဲထုများ အများအပြားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဤတွေ့ရှိချက်၏ သိပ္ပံဆိုင်ရာ တန်ဖိုးမှာ အနာဂတ်ကာလ အင်္ဂါဂြိုဟ်အား စူးစမ်းလေ့လာရာတွင် ရေအရင်းအမြစ် ရှိသောဆိုသည့်အချက်ကို ရှာဖွေပေးထားခြင်းဖြစ်သည်။ ***အင်တာနက်။***



**အင်္ဂါဂြိုဟ်တွင် ရေခဲမြစ်များ တည်ရှိနေပုံကို ပန်းချီဆရာက စိတ်ကူးဖြင့် ပုံဖော်ထားသည်ကို တွေ့ရစဉ်။**